မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၀)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်
- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်
- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ကြီးတစ်ရပ်လုံး ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး ကုန်ထုတ်လုပ်ငန်းများတိုးတက်ရန်လို
ကုန်ထုတ်လုပ်မှုတိုးတက်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်
ပြည်ပပို့ကုန်များ တိုးချဲ့တင်ပို့နိုင်အောင် နိုင်ငံခြားသုံးငွေ တိုးတက်ရရှိအောင်ကြိုးပမ်း
ကိုယ်ပိုင်ထုတ်လုပ်နိုင်အားအပေါ် ရပ်တည်၍ သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်

ရန်ကုန် မေ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မေ ၁၉ ရက် နံနက် ၇နာရီခွဲက သံတွဲမြို့ရှိ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ သံတွဲခရိုင်နှင့်သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သံတွဲမြို့နယ်မှ စီးပွားရေး လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာကိစ္စများကို မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း သံတွဲမြို့ရှိ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ သံတွဲခရိုင်နှင့် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သံတွဲမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး၊ အင်တာနက် သတင်း နှင့် ဓာတ်ပုံအညွှန်း



❒ **ကမ္ဘာ့ နိုင်ငံများနှင့် ရင်ပေါင်တန်းစေမည့် ပဉ္စမအကြိမ် မြန်မာ အိုင်စီတီ ရက်သတ္တပတ် ၂၀၀၆ မေ ၂၈ ရက်မှ ၃၀ ရက်အထိ ခင်းကျင်းပြသမည်။**

မောင်မောင်မြင့်ဆွေ၏ သတင်းဆောင်းပါး - ကျောဖုံး

❒ **အန္တာတိကဒေသ၌ ရေခန်းခြောက်နေသော မြစ်များတွေ့ရှိ**

အင်တာနက်သတင်းနှင့်ဓာတ်ပုံ (စာ-၆)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

ခေတ်မီနိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေး ပြည်သူတစ်ရပ်လုံး တက်ညီလက်ညီကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အအုံများစွာကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက်ရှိသည်။

ထိုသို့တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှုကြောင့် နယ်မြေဒေသအသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှုများ အံ့နှင့်ကျင်းနှင့်စုဖွဲ့ဖြစ်ပေါ်လာလျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း၊တံတား အထူးအဖွဲ့များက တာဝန်ယူ တည်ဆောက်ဖောက်လုပ်ခဲ့သော မိုင်၄၀၀ကျော်ရှည်သည့် ရန်ကုန်–ကျောက်ဖြူလမ်းမကြီးနှင့် ပေ၂၇၀၀ကျော်ရှည်သည့် မင်းကြောင်းချောင်းတံတား ဖွင့်ပွဲအခမ်းအနားများကို ဧပြီလ၁၇ရက်နေ့ နံနက်ပိုင်းက သက်ဆိုင်ရာနေရာများ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတက်ရောက်၍ အားပေးချီးမြှင့်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား နှုတ်ခွန်းဆက်စကားပြောကြားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နှုတ်ခွန်းဆက်စကားပြောကြားရာတွင်–

"ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည်ဆိုသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံပြီး နိုင်ငံတော် အစိုးရရော၊ ပြည်သူများကပါ ကြိုးကြိုးစားစား အလုပ်လုပ်ကြမည်ဆိုပါက မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်လာမှာ သေချာကြောင်း"

လမ်းညွှန်မိန့်ကြားခဲ့သည်။

ယခုကဲ့သို့ ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်း အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် လွယ်လင့်တကူ ကောင်းမွန်စွာသွားလာနိုင်ပြီး အခြားပြည်နယ်၊တိုင်း ဒေသအသီးသီးနှင့် မကွေးတိုင်းမှ တစ်ဆင့်သော်လည်းကောင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့မှ တစ်ဆင့်သော်လည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်သည်။

ရန်ကုန်–ကျောက်ဖြူလမ်းမကြီး ပေါ်ထွန်းလာသည်နှင့်အမျှ ကျောက်ဖြူရေနက်ဆိပ်ကမ်းကြီးနှင့်တကွ ရမ်းဗြဲကျွန်းပေါ်ရှိ ရွှေနှင့်ရွှေဖြူ၊ သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများနှင့် ဆက်စပ်လျက် ကျောက်ဖြူ၊ရမ်းဗြဲဒေသများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း အဓိက အသက်သွေးကြောဖြစ်သည့် ဆက်သွယ်ရေးလမ်းမကြီးများ ပေါ်ပေါက်လာမှုကြောင့် ကူးသန်းရောင်းဝယ်မှု တိုးတက်လာကာ ဆန်စပါးအပါအဝင် အဓိကသီးနှံကြီး၁၀ မျိုးနှင့် ငရုတ်ကောင်း၊ ရော်ဘာ၊ သစ်ဆိမ့်၊ ကြက်ဆူစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်၌ လမ်းမိုင် ၁၃၆၃၅ မိုင်ရှိခဲ့ရာမှ ယခုဆိုလျှင် မိုင် ၁၉၀၂၀ ခြောက်ဖာလုံ ရှိလာပြီဖြစ်၍ ၅၃၈၆ မိုင် တိုးတက်ဖောက်လုပ်ပေးပြီး ဖြစ်သည်။ ပေ ၁၈၀ အထက် တံတားကြီး ၁၉၄ စင်းကိုလည်း ဖွင့်လှစ်ပေးပြီးဖြစ်သည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ခုနစ်စင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကနှစ်စင်းနှင့် တပ်မတော်သားများ တည်ဆောက်ခဲ့သည့် တံတား၁၁စင်း စုစုပေါင်း၂၁၄စင်း ရှိပြီဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း ပေ၁၈၀အထက် တံတားများအနေဖြင့် ၃၄ စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်၌ တိုင်းရင်းသားလူမျိုး ၁၀၀ ကျော် ရင်းနှီးချစ်ခင်စွာ အတူယှဉ်တွဲနေထိုင်လျက်ရှိရာ တိုင်းရင်းသားညီအစ်ကိုအားလုံး စုစုစည်းစည်းဖြင့် ကြိုးစားတည်ဆောက်လုပ်ကိုင်မည်ဆိုပါက အောင်မြင်မှုများ ဆက်ကာဆက်ကာ ရရှိပြီး နိုင်ငံတော်ကြီးသည်လည်း အမြန်ဆုံးခေတ်မီဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်သည်။

နိုင်ငံတော်၌ ရေမြေသယံဇာတ ပြည့်စုံဖူလုံမှုလည်း ရှိပြီးဖြစ်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး ပြည်ထောင်စုကြီးကို အလုပ်အကျွေးပြုကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအနေဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရမည်၊ မိမိနယ်မြေ၊ မိမိဒေသသာမက မိမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရမည်ဟူသည့် စိတ်ဓာတ်မွေးမြူကာ တက်ညီလက်ညီ ကြိုးပမ်းသွားကြပါက ခေတ်မီနိုင်ငံတော်အဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၁–၄–၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၀ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၂၀ ၉။ ခါသကြီန်အဆိုအကများ
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသ သတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း–၇)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ Goals Show
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း–၃၃)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ယင်းဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြစ်ကြီးနားမြို့ နဂါးနှစ်ကောင် အဆင့်မြင့်ဟိုတယ်ဖွင့် ဖုန်ကန်ရာဇီ ရေခဲတောင်တက်အဖွဲ့အား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့မရပ်ကွက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် အခန်း ၅၃ခန်းပါ ရှစ်ထပ်တိုက်၊ နဂါးနှစ်ကောင် အဆင့်မြင့်ဟိုတယ်သစ်ဖွင့်ပွဲကို ဧပြီ ၁၂ရက် ညနေ၅နာရီက အဆိုပါ ဟိုတယ်အဆောက်အအုံသစ်ရှေ့မျက်နှာစာ၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီး၊ ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နဂါးနှစ်ကောင်ဟိုတယ်လုပ်ငန်းရှင် ဦးအိုက်စံ–ဒေါ်မိမိနှင့် ဟိုတယ်ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် နဂါးနှစ်ကောင်ဟိုတယ် လုပ်ငန်းရှင် ဦးအိုက်စံတို့က ဟိုတယ်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ဟိုတယ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဧည့်သည်တော်များနှင့်အတူ ဟိုတယ်သစ်အတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် အခမ်းအနားကို ဟိုတယ်ခန်းမတွင် ဆက်လက်ကျင်းပရာ တိုင်းမှူးက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုအမှာစကားပြောကြား

ယင်းနောက် တိုင်းမှူးသည် အဆိုပါဟိုတယ်၌ပင် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသည့် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ဖုန်ကန်ရာဇီရေခဲတောင်အား အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တောင်တက်အဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် တောင်တက်အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်က တောင်တက်ခရီးစဉ် အတွေ့အကြုံများနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်နယ်အသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျုံးက ခရီးစဉ်တစ်လျှောက် ကျေးရွာများ၌ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အသင်းဝင် ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း တောင်တက်အဖွဲ့အတွက် ကချင်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီ၊ ပြည်နယ်အမျိုးသမီးအားကစားကော်မတီ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ နဂါးနှစ်ကောင်ဟိုတယ်လုပ်ငန်းရှင် ဦးအိုက်စံ၊ လုပ်ငန်းရှင် ဦးရင်ဟိုင်းနှင့် ဦးလွတ်ဇော်ခေါင်တို့က ငွေကျပ်ငါးသိန်းစီ၊ ဒေါ်အားမေနှင့်ဒေါ်သူဇာဝေတို့က ငွေကျပ်သုံးသိန်းစီ စုစုပေါင်းငွေကျပ် ၃၆သိန်းကို တာဝန်ရှိသူများနှင့် အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းရာ တောင်တက်အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်က လက်ခံရယူသည်။

(သတင်းစဉ်)

နှစ်ဖက်မိဘများအား ရည်စူး၍ အမှတ် ၇၈၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်နေ ဦးညိုဇံဦး–ဒေါ်သိန်းညွန့် မိသားစု (လှမျိုးစုံအထည်ဆိုင် မင်္ဂလာဈေး မြေညီထပ်)က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။ (က–ပ)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲများ ဖိတ်ခေါ်

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟို အဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၆ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲအတွက် စာမူနှင့် လက်ရာများကို ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၆ ခုနှစ် ဇွန်လ ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှုပပျောက်ရေး ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲ၊ ရိုက်ကူးရမည့် ဦးတည်ချက် ဆောင်ပုဒ်များမှာ **"မူးယစ်အန္တရာယ် လူ့ရန်စွယ်"၊ "ကာကွယ်တိုက်ဖျက် လက်ချင်းဆက်"၊ "တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ"၊ "မူးယစ်ကင်းစင် အလှဆင်"** တို့ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲ

ဝတ္ထုတိုပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူပေါင်း နှစ်စောင်တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့် ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူပေါင်း နှစ်စောင်တင်သွင်းရမည်။ စာလုံးရေ ကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

တေးသီချင်းပြိုင်ပွဲ

တေးသီချင်းပြိုင်ပွဲကိုအလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့နှင့် သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် တေးသွားသီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရော စာသားပါ အကြောင်းအရာ တင်ပြပုံ၊ ဦးတည်ချက်မှန်ကန်၍ စကားလုံး ကျစ်လျစ်ထိရောက်ရမည်။ ပြိုင်ပွဲဝင်မည့် တေးသီချင်းကို ကက်ဆက်ခွေဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ် အချောသွင်းထားပြီးဖြစ်သော ကက်ဆက်ခွေ Master သို့ CD Master နှင့်အတူ စာသားကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ မိတ္တူနှစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်ရွက်နှင့်အတူ ပေးပို့ရမည်။

ကဗျာပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းမိတ္တူပေါင်း နှစ်စောင်တင်သွင်းရမည်။ ပြိုင်ပွဲဝင် ကဗျာသည် စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ အတွင်း ရှိရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲနှင့် ပတ်သက်၍ အသက် ၁၀ နှစ်အောက်၊ ၁၀ နှစ်မှ ၁၅ နှစ်အောက်၊ ၁၅ နှစ်မှ ၂၀ နှစ်အောက်၊ အသက် ၂၀ နှစ် အထက်ဟူ၍ လေးဆင့်ယှဉ်ပြိုင် ခွင့်ပြုသည်။ အသက်အထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရမည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလို။ နှစ်သက်ရာ ဆေးကိုယူလာပြီး နှစ်သက်ရာရေးနည်းဖြင့် သရုပ်ဖော်ရေးဆွဲ၍ အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။

ဓာတ်ပုံပြိုင်ပွဲ

ဓာတ်ပုံပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင် ၁၀ x ၁၄ လက်မအရွယ် ဆေးရောင်စုံ ဓာတ်ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့် ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသော ပုံဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံ မဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆု နှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။

(**မှတ်ချက်။** ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင် ရိုက်ကူးပြီး ဆုမရရှိဘူးသေးကြောင်း ဝန်ခံချက်ကို ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့အား ပူးတွဲလျက်ပေးပို့ရမည်။)

ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို ပြည်နယ်/တိုင်းအလိုက် အထက်တန်းအဆင့်၊ အလယ်တန်း အဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပပြုလုပ်ရမည်ဖြစ်ပြီး အထက်တန်းအဆင့်အတွက် ၈၊ ၉၊ ၁၀ တန်း ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်း အဆင့်အတွက် ၅၊ ၆၊ ၇ တန်း ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲ

ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲရန်၊ (Software Programme ကို Corel-draw, photoshop, Clarif Office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။) ရေးဆွဲချိန် နှစ်နာရီသတ်မှတ်ရန်၊ လေဆာဓာတ်ပြား CD ဖြင့် ကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့် အတူ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ တစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။ ရန်ကုန်တိုင်းအတွင်းမှ ကွန်ပျူတာပန်းချီ ပြိုင်ပွဲအား ကွန်ပျူတာတက္ကသိုလ် (လှိုင်နယ်မြေ)၌ ၂၂-၅-၂၀၀၆ ရက် နံနက် ၉ နာရီမှ နံနက် ၁၁ နာရီထိ ကျင်းပသွားမည်ဖြစ်သည်။

ကွန်ပျူတာ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲကို ပြည်နယ်/တိုင်းများတွင် အသက် ၁၅ နှစ်အထက် အလွတ်တန်း တစ်တန်းတည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကွန်ပျူတာဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲဝင် CD များအား ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်ရှိ

ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူ တာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ ပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင် ရေးဆွဲခြင်းဖြစ်ကြောင်း မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက် စသည်တို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲအတွက် ပြည်နယ်/တိုင်းများမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြည်နယ်/တိုင်းအလိုက် ပြိုင်ပွဲများမှ တစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ ပြည်နယ်/တိုင်းများအနေဖြင့် သင့်လျော်သည့် နေ့ရက်သတ်မှတ်ပြီး ကျင်းပကြရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲအတွက် ရန်ကုန်တိုင်းမှ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများ အထက(၂)လသာ မြည်းလာခန်းမတွင် ၂၅-၅-၂၀၀၆ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကာတွန်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိ ပန်းချီနှင့် ၂၆-၅-၂၀၀၆ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ပိုစတာ လက်တွေ့ရေးဆွဲယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှု ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပမည့် အစီအစဉ်ကြေညာ

ရန်ကုန် ဧပြီ ၂၀

၂၀၀၆ ခုနှစ် ဇွန်လ ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်း ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ဒီဂျစ်တယ်ပိုစတာပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ကာတွန်းပြိုင်ပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီနှင့် ပန်းချီပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတို့တွင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်းလာခန်းမ၌လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီတွင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်းလာခန်းမ၌လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက် ၁၀ နှစ်အောက်၊ အသက် ၁၀ နှစ်မှ ၁၅ နှစ်အောက်၊ အသက် ၁၅ နှစ်မှ ၂၀ နှစ်အောက်နှင့် အသက် ၂၀ နှစ်အထက်ဟူ၍ ပြိုင်ပွဲအဆင့်များ ခွဲခြားထားသည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီတွင် လှိုင်မြို့နယ် ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ပြီး အလယ်တန်း ၅၊ ၆၊ ၇ နှင့် အထက်တန်း ၈၊ ၉၊ ၁၀ ဟူ၍ ခွဲခြား ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများကို မေ ၁ ရက်မှ ခုနစ်ရက်အတွင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ကျောက်တံတားမြို့နယ် ဘဏ်လမ်း စုပေါင်းရုံး(မြေညီထပ်)ရှိ တကယ့်ဖြစ်ရပ်မှုခင်းဂျာနယ်ရုံးနှင့် သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ထုတ်ယူနိုင်ပြီး မေ ၈ ရက်မှ ၁၄ ရက်အတွင်း အချိန်မီ လူကိုယ်တိုင်ပြန်လည်ပေးပို့ကြရန်ဖြစ်သည်။

လျှောက်လွှာ တင်သွင်းသည့်နေ့တွင် ပြိုင်ပွဲဝင်များအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကတ်ပြားကိုလည်း ထုတ်ပေးမည်ဖြစ်သည်။

ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်သူများ ကြိုတင်လေ့လာနိုင်ရန် မေ ၂၁ ရက် နံနက် ၈ နာရီတွင် ကွန်ပျူတာတက္ကသိုလ်သို့ လာရောက်သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ဦး ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူမည်

ရန်ကုန် ဧပြီ ၂၀

သက္ကရာဇ် ၄၂၁ ခုနှစ်တွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ညောင်ဦးမြို့ သမိုင်းဝင် အံ့ဖွယ်ကိုးစုံရွှေစည်းခုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းတော်များ စဉ်ဆက်မပြတ် ကပ်လှူပူဇော်လျက်ရှိရာ ယခုအခါတွင် ရွှေသင်္ကန်းတော်များမှာ မှေးမှိန်နေပြီ ဖြစ်သည့်အတွက် ငွေကျပ် သိန်း ၁၆၅၀ ကျော် အကုန်အကျခံကာ ပြန်လည်ကပ်လှူမည်ဖြစ်သည်။ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ နှစ်လက်မ ပတ်လည်မျက်ပါးရွှေ တစ်ဆိုင်းလျှင် ငွေကျပ် ၁၆၀၀၀၊ ကိုးလက်မပတ်လည် ရွှေချပြီး ငွေကျပ် ၅၀၀၀၊ တစ်ပေပတ်လည် ရွှေချပြီး ငွေကျပ် ၇၀၀၀၊ ကြာသွတ်အိုး တစ်လုံး ရွှေချပြီး ငွေကျပ် ၂၅၀၀၀၀ဖြင့် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဖုန်း-၀၆၁-၆၀၂၆၁၊ ညောင်ဦးမြို့ ရွှေစည်းခုံ ဂေါပကအဖွဲ့ ဖုန်း-၀၆၁-၆၀၈၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနှင့် တူရကီနိုင်ငံအစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုး

ရန်ကုန် ဧပြီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တူရကီသမ္မတနိုင်ငံအစိုးရတို့အကြားကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီခွဲတွင် ရန်ကုန်မြို့ရှိ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် တူရကီနိုင်ငံ Undersecretary of the Turkish Prime Ministry for Foreign trade H.E Mr. Tuncer Kayalar တို့က လက်မှတ်ရေးထိုးကြသည်။

သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော် အရှေ့ဘက်တန်ဆောင်းရှိ တေဒဂ်ဘွဲ့ရ ရဟန္တာကြီးများနှင့် ပုဂ္ဂိုလ်ထူးများအား ရောင်တော်ဖွင့်ရန်အတွက် ရန်ကင်းမြို့နယ် ၁၅ ရပ်ကွက် အမှတ် ၃(က) အဝေရာလမ်းနေ ဦးတင်ဝမ်း-ဒေါ်ခင်မြင့်မြင့်(ဖြိုးရတနာမိသားစု)က အလှူငွေကျပ် ၆၀၀၀၀ ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတရေ ဦးသန်းထွန်းနှင့် ဦးကိုကိုကြီးတို့ထံ ပေးအပ်စဉ်။ (က-ပ)

ပေးပို့ရမည်

ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံများကို ဒုတိယရဲမှူးကြီးမြမြ မူးယစ်ဗဟိုရုံး ပြည်ထဲရေးဝန်ကြီးဌာန (ဆရာစံလမ်းနှင့် စက်မှု(၁)လမ်းထောင့်)၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာ ပိုစတာလက်ရာများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက်အရောက် ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများကို မူးယစ်ဗဟိုရုံးသို့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့် နေ့ရက် သတ်မှတ်ချက်များမှာ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာကို မေ ၂၀ ရက်အရောက်၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာကို မေ ၂၅ ရက်အရောက်နှင့် ဓာတ်ပုံ၊ ကွန်ပျူတာ ပန်းချီ၊ ကွန်ပျူတာပိုစတာ၊တေးသီချင်းများကို မေ ၂၂ ရက်အရောက် ပေးပို့ရမည်ဖြစ်သည်။

စာမူတေးသီချင်း လက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့်လက်ရာများကို ၂၀၀၆ ခုနှစ် ဇွန် ၁၈ ရက်တွင် ကြေညာ၍ ပထမ၊ဒုတိယနှင့် တတိယဆုရသူများကို မူးယစ်ဗဟိုသို့ ဖိတ် ခေါ်ပြီး ၂၀၀၆ ခုနှစ် ဇွန် ၂၆ ရက်တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းများမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည် မဟုတ်ဟု သိရသည်။

(မှတ်ချက်။ ။**မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှုပပျောက်ရေးကို ဦးတည် ချက်ဆောင်ပုဒ်များ သတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးကို ဦးတည်သည့်မည်သည့် သီကုံးရေးဆွဲ ရိုက်ကူးမှုကိုမဆို လွတ်လပ်စွာ ပြုလုပ်နိုင်ကြကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားသည်။**) **(သတင်းစဉ်)**

နိုင်ငံတကာ သတင်းများ

ကိုလံဘီယာ၌ မိုးသက်မုန်တိုင်းများကျရောက်

ဘိုဂိုတာ ဧပြီ ၂၀

ကိုလံဘီယာနိုင်ငံတွင် ဆောင်းရာသီ မိုးသက်မုန်တိုင်းများ ကျရောက်မှုကြောင့် သေဆုံးသူအရေအတွက်သည် ၇၆ ဦးအထိရှိခဲ့ပြီး လူ ၁၇၀ ဒဏ်ရာရရှိကာ ၂၄ဦး ပျောက်ဆုံးနေကြောင်း ကိုလံဘီယာ ကြက်ခြေနီအဖွဲ့က ဧပြီ ၁၈ရက်တွင် ပြောကြားသည်။

ယင်းနိုင်ငံတွင် ဆောင်းရာသီသည် မတ်လတွင်စတင်ကျရောက်သည်။ နိုင်ငံ၏ ဒေသ ၃၂ ဒေသ၏ ၁၇ဒေသရှိ ပြည်သူ ၅၀၀၀၀ ကိုထိခိုက်နစ်နာခဲ့ကြောင်း ကိုလံဘီယာကြက်ခြေနီအဖွဲ့မှ ကယ်ဆယ်ရေးအဖွဲ့ညွှန်ကြားရေးမှူး ဝေါလ်တာကုတ်က ပြောကြားသည်။

စိုက်ပျိုးမြေဟက်တာ ထောင်ပေါင်းများစွာ ရေလွှမ်းမိုးခံရပြီး တံတားများ၊ အိမ်များ၊ လမ်းများ၊ ပျက်စီးသွားခဲ့ကြောင်း ၎င်းကပြောကြားသည်။

မိုးလေဝသနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနက ရာသီဥတုအဆိုးဆုံးအခြေအနေသည် ဇွန်လကုန်မတိုင်မီအထိ ဖြစ်နိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ငှက်ဖျားရောဂါကြောင့် အိန္ဒိယ၌ လူ၅၀သေဆုံး



နယူးဒေလီ ဧပြီ ၂၀

လူ၏ အရေပြားကိုထိုးဖောက်နေသော ခြင်တစ်ကောင်ကို တွေ့ရခြင်းဖြစ်သည်။ **(အပေါ်ပုံ)** အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းနှင့် အခြားဒေသများ၌ ငှက်ဖျားရောဂါပိုး သယ်ဆောင်သော ခြင်ကိုက်ခံရသဖြင့် အနည်းဆုံးလူ ၅၀ ခန့်သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရောဂါပိုးသယ်ဆောင်

အဆိုပါငှက်ဖျားရောဂါပိုးသယ်ဆောင်သောခြင် ကိုက်ခံရသဖြင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း၌ လူပေါင်း ၂၅၀၀၀ နာမကျန်းဖြစ်လျက်ရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ **(အင်တာနက်)**

ဖမ်းဆီးရမိ မိကျောင်း

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြောက်ပိုင်း လိုဘူရီပြည်နယ်ရှိ ချောင်းအတွင်းမှ ဖမ်းမိသည့် မိကျောင်းတစ်ကောင်အား ဧပြီ ၁၉ရက်က တွေ့ရစဉ်။ (ဧပြီ၁၅ရက်က ယင်းချောင်းအနီးတွင် လူတစ်ဦးအား မိကျောင်းများ တိုက်ခိုက် ခံရပြီးနောက် စေတနာ့ဝန်ထမ်းများသည် ချောင်း အတွင်းရှိ မိကျောင်းများကို လိုက်လံရှာဖွေ ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစားပေးရန် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်ပြောကြား

ပေကျင်း ဧပြီ ၂၀

တရုတ်ပြည်အနေဖြင့် အချို့ဒေသများတွင် ပတ်ဝန်းကျင်ဆိုင်ရာ လေထု ရေထုညစ်နွမ်းမှုနှင့် ဂေဟစနစ် ပိုမိုပျက်ယွင်းလာခြင်းကို အထူးသတိပြုရမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ဧပြီ ၁၈ရက်၌ ပြောကြားလိုက်သည်။

ထိန်းသိမ်းကာကွယ်

နိုင်ငံတော်ခေတ်မီရေး ကြိုးပမ်းအားထုတ်မှုတွင် ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးကို ထိပ်တန်းဦးစားပေးရမည်ဖြစ်ကြောင်း ပေကျင်း၌ တနင်္လာနေ့နှင့်အင်္ဂါနေ့တို့က ကျင်းပသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အမျိုးသားညီလာခံတွင် ဝန်ကြီးချုပ်ဝမ်ကြားပေါင်က ပြောကြားလိုက်ခြင်း ဖြစ်သည်။

ပြဿနာပေါ်ပေါက်

မကြာမီက ပြီးစီးသွားသည့် ဒသမငါးနှစ်စီမံကိန်း (၂၀၀၀-၂၀၀၅) အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး ရည်မှန်းချက်ကြီးများကို မျှော်မှန်းထားသည့်အတိုင်း ပြည့်မီအောင် မဆောင်ရွက်နိုင်ခဲ့ဘဲ ပြဿနာသစ်များ ပေါ်ပေါက်ခဲ့ကြောင်း ၎င်းကထောက်ပြသည်။

မကြာမီက အတည်ပြုလိုက်သည့် ဧကာဒသမငါးနှစ်စီမံကိန်း (၂၀၀၆-၂၀၁၀)က စွမ်းအင်သုံးစွဲမှုကို ၂၀ရာခိုင်နှုန်း လျှော့ရန် အဓိက ညစ်ညမ်းမှုကို ၁၀ရာခိုင်နှုန်းလျှော့ရန်နှင့် သစ်တောပြုစုပျိုးထောင်ရေးကို ၁၈ဒသမ ၂မှ ၂၀ရာခိုင်နှုန်းအထိတိုးမြှင့်ရန် လျာထားသတ်မှတ်ကြောင်း ၎င်းက ပြောကြားသည်။

ပြောကြား

ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် စွမ်းအင်သုံးစွဲမှုနှင့်လေထုညစ်ညမ်းစေသည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လုပ်မှုဆိုင်ရာ သတင်းအချက်များကို ခြောက်လတစ်ကြိမ် ထုတ်ပြန်ရန်လိုအပ်ကြောင်းဖြင့်လည်း ဝန်ကြီးချုပ်ဝမ်ကြားပေါင်က ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ ကူးတို့ရေယာဉ်နစ်မြုပ်

ဂျကာတာ ဧပြီ ၂၀

အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတန်ဂါရာပြည်နယ်တွင် ဧပြီ ၁၇ ရက် အစောပိုင်းက နစ်မြုပ်ခဲ့သော ကူးတို့ရေယာဉ်တစ်စင်းမှအသက်ရှင်ကျန်ရစ်သူ ၄၁ ဦးကို အင်္ဂါနေ့က အင်ဒိုနီးရှားကယ်ဆယ်ရေးအဖွဲ့ဝင်များ ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ သို့သော် တခြားခရီးသည်များ၏ ကံကြမ္မာကို မသိရှိရသေးကြောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂျင်က ပြောကြားသည်။

ကူးတို့ရေယာဉ် အမှုထမ်းခြောက်ဦး အပါအဝင် အသက်ရှင်သူများသည် ဂျကာတာ အရှေ့ဘက် ကီလိုမီတာ ၂၀၀၀အကွာရှိ အန်ဒါအိုကျွန်းပေါ်တွင် သောင်တင်နေခဲ့သည်။

ယင်းရေယာဉ်နစ်မြုပ်ချိန်တွင် ရေယာဉ်ပေါ်တွင် လူ ၁၁၀ ရှိကြောင်း အစီရင်ခံခဲ့သည်။

အသက်ရှင် ကျန်ရစ်သူအားလုံးသည် ယခုတိုင် အင်ဒါအိုကျွန်းပေါ်တွင် ရှိနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဒေသဆိုင်ရာ အာဏာပိုင်များသည် ဆေးအဖွဲ့များနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တပ်ဖြန့်ထားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ



ပြတိုက်ရှိ ဒိုင်နိုဆောပုံတူရုပ်တုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့အကြီးဆုံး အပျော်စီးသင်္ဘောကြီး “Freedom of the Seas” ဂျာမနီနိုင်ငံမြောက်ပိုင်း ဟမ်းဘာ့ဂ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်ကို ဧပြီ ၁၇ရက်က တွေ့ရစဉ်။ (ယင်း အပျော်စီး သင်္ဘောကြီးသည် ၎င်း၏ ပထမဆုံးခရီးအဖြစ် နယူးယောက်မြို့မှ ဟမ်းဘာ့ဂ်မြို့သို့ မောင်းနှင်ခဲ့ခြင်း ဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

ဒိုင်နိုဆောရုပ်ကြွင်းများ အစုလိုက်တွေ့ရှိ

ဗျူနိုအေရိစ် ဧပြီ ၂၀

အသားစားဒိုင်နိုဆောများအနေဖြင့် အမဲလိုက်ရာတွင် အုပ်စုလိုက် သွားလာဖွယ်ရာရှိကြောင်း အာဂျင်တီးနားကျွမ်းကျင်သူများက ယူဆသည်။ အာဂျင်တီးနားနိုင်ငံ ကျောက်ဖြစ် ရုပ်ကြွင်းများစွာတွေ့ရသည့် ပါတာဂိုးနီးယားဒေသ၌ အသားစားဒိုင်နိုဆောများ၏ရုပ်ကြွင်းများကို အစုအဖွဲ့လိုက်တွေ့ရှိရသည်ဟု ဆို၏။

အတူတကွနေထိုင်

ထိုသို့ အုပ်စုဖွဲ့သွားလာခြင်းမှာ ခြေနှစ်ချောင်း အသားစားတိရစ္ဆာန်များက ၎င်းတို့ထက် ခန္ဓာကိုယ်ပိုကြီးသော အပင်စား ဒိုင်နိုဆောများကို အပေါ်စီးရယူနိုင်စေသည်ဆို၏။ ပလာဇာဟွင်ကူးတောင်ဘက် ၁၅ မိုင်ခန့်အကွာနှင့်အသားစားဒိုင်နိုဆောများ၏ ရာပေါင်းများစွာသော အရိုးစုများကို တူးဖော်တွေ့ရှိရသည်။ ထိုသတ္တဝါများမသေမီ အတူတကွနေထိုင်သည့် အထောက်အထားတစ်ခုပင်ဖြစ်သည်။ အုပ်စုဖွဲ့သွားလာခြင်း ဖြစ်ကောင်းဖြစ်နိုင်သော်လည်း တိုက်ရိုက်သက်ဆိုင်သည့် အထောက်အထား သာဓကတော့ မဟုတ်ပါကြောင်း ဒေါက်တာကူရီက သုံးသပ်ပြောကြားသည်။ **(အင်တာနက်)**

သစ်သီး၊ ဟင်းသီးဟင်းရွက်နှင့် ငါးများကိုမှန်မှန်ပုံမှန်စားသုံးလျှင် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို လျော့နည်းစေဟုဆို

ဝါရှင်တန် ဧပြီ ၂၀

မြေထဲပင်လယ်ဒေသတွင် နေထိုင်သူတို့၏ စားသောက်မှုပုံစံနှင့် အစားအစာများသည် အသက်အရွယ်ရလာသော လူများတွင်ဖြစ်တတ်သည့် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို လျော့နည်းစေကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာဆန်းစစ်ချက်တစ်ရပ်၌ ဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များက လူပေါင်း ၂၂၀၀ခန့်ကို လေးနှစ်အတွင်း လေ့လာသုတေသနပြုခဲ့ရာမှ အဆိုပါ စားသောက်မှုပုံစံနှင့် အစားအစာတို့သည် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်မှုရှိကြောင်း တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

ဟင်းသီးဟင်းရွက် သီးနှံများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အထောက်အကူပြု

မြေထဲပင်လယ်ဒေသ အတွင်း နေထိုင်သူတို့၏ စားသောက်မှုပုံစံမှာ သစ်သီး၊ ဟင်းသီး ဟင်းရွက်များနှင့် ကောက်ပဲသီးနှံများ၊ ငါးနှင့်အရက် အနည်းငယ်တို့ကို နေ့စဉ် သင့်တင့်မျှတစွာ စားသုံးခြင်းဖြစ်ကြောင်း၊ ထိုသို့ အစားအစာများကို နေ့စဉ် အနည်းအကျဉ်းသာ စားသုံးပါက အထွေထွေသော ကျန်းမာရေးကို အထောက်အကူပြုကြောင်း အထူးသဖြင့် အသက်အရွယ်ရလာသော လူများတွင် ဖြစ်တတ်သည့် မှတ်ဉာဏ်ချို့ယွင်းမှုရောဂါ(အယ်လ်ဇိုင်းမား)ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း အဆိုပါ သုတေသနပြုချက်၌ ဖော်ပြထားသည်။

စားသုံး

မြေထဲပင်လယ်ဒေသအတွင်း နေထိုင်ကြပြီး သစ်သီး၊ ဟင်းသီး ဟင်းရွက်နှင့် ငါးအနည်းငယ်ကို သာ စားသုံးကြသူ ၂၂၀၀ ခန့်တွင် အယ်လ်ဇိုင်းမား ရောဂါဖြစ်ပွားသူ ၂၆၂ ဦးသာရှိရာ ရာခိုင်နှုန်းအားဖြင့် ၁၀ရာခိုင်နှုန်းခန့်သာရှိကြောင်း တွေ့ရသည်ဟု ဆိုသည်။

ပြောကြား

ထို့ကြောင့် အသက်အရွယ်ရလာသူများသည် အယ်လ်ဇိုင်းမားရောဂါ မဖြစ်ပွားအောင် လတ်ဆတ်သော ဟင်းသီး ဟင်းရွက်များကို ကျန်းမာရေး ရှုထောင့်အရ စားသုံးကာ မိမိတို့၏ သွေးပေါင် အတက်အကျ၊ ခန္ဓာကိုယ်ထဲတွင် ကိုလက်စထရောပါဝင်မှု အချိုးအစားတို့ကို ပုံမှန်စစ်ဆေးသင့်ပြီး လေ့ကျင့်ခန်းများလည်း ပုံမှန်ပြုလုပ်ကာ ကိုယ်အလေးချိန်ကိုလည်း ထိန်းသိမ်းပါက လူ့ဘဝ၏ နောက်ဆုံး အချိန်ကာလများကို ကျန်းမာရေးကောင်းမွန်စွာ ဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း သုတေသနအဖွဲ့ ခေါင်းဆောင် ဒေါက်တာ နီကိုလပ်စ်စကာမင်းစ်က ပြောကြားသည်။

(အင်တာနက်)

အကျဉ်းသားများအပေါ်ဆက်ဆံမှုသတင်း ပြည့်ပြည့်စုံစုံပေးရန် ကုလသမဂ္ဂက အမေရိကန်အစိုးရကို တောင်းဆို

ဂျီနီဗာ ဧပြီ ၂၀

အမေရိကန်အစိုးရအနေဖြင့် ပြည်တွင်းအကျဉ်းသားများနှင့်တကွ အီရတ်၊ အာဖဂန်နစ္စတန်နှင့် ဂွာတာနာမိုအကျဉ်းစခန်းများမှ အကြမ်းဖက်သမားဟု မသင်္ကာသူ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံပုံနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် ပိုမိုပြည့်စုံစွာပေးရန် ကုလသမဂ္ဂညှဉ်းပန်းနှိပ်စက်မှုတိုက်ဖျက်ရေး ကော်မတီက တောင်းဆိုလိုက်သည်။

အမေရိကန်အစိုးရသို့ မေးမြန်းထားသည့် မေးခွန်းများတွင် လျှို့ဝှက်အကျဉ်းစခန်းများအကြောင်း၊ အထူးသဖြင့် ထိုအကျဉ်းစခန်းများအတွင်း အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုကို အမေရိကန် ပြည်ထောင်စုက တာဝန်ယူမယူ တို့ကို ပြည့်ပြည့်စုံစုံ မေးမြန်းထားသည်ဟု ကုလသမဂ္ဂ အရာရှိများက အင်္ဂါနေ့တွင် ပြောကြားသည်။

ပြောကြား

မိမိမြင်ဖူးသမျှတွင် အကြောင်းအရာ အချက်အလက် စာရင်းအရှည်ဆုံးပင်ဖြစ်ကြောင်း ညှဉ်းပန်းနှိပ်စက်မှု တိုက်ဖျက်ရေးကော်မတီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အရာရှိ မာစီးဒီးမော်ရေးလက်စ်က ပြောကြားသည်။

မျှော်လင့်

လူ့အခွင့်အရေးဆိုင်ရာကျွမ်းကျင်သူ ၁၀ဦးဖြင့် ဖွဲ့စည်းထားသည့် ကုလသမဂ္ဂ ညှဉ်းပန်းနှိပ်စက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေး ဂျီနီဗာ၌ ရှေ့လကျင်းပသည့်အခါ အမေရိကန်အစိုးရသည် ယင်း၏ မှတ်တမ်းကို ခုခံကာကွယ်ရန် အရာရှိ ၃၀ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ စေလွှတ်မည်ဟု မျှော်လင့်ရသည်ဆို၏။

အမ်အင်အေ၊ရိုက်တာ



ပလိပ်ရောဂါ ဘက်တီးရီးယားပိုးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၌ ပလိပ်ရောဂါဖြစ်ပွား

ဝါရှင်တန် ဧပြီ ၂၀

အမေရိကန်နိုင်ငံ၌ ပလိပ်ကပ်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြထားသည်။ ဖော်ပြပါပုံမှာ အမေရိကန်နိုင်ငံ ပလိပ်ရောဂါ ထိန်းချုပ်ရေးဌာနမှ ပလိပ်ဘက်တီးရီးယားပိုးမွှားများ၏ ပုံကို ရိုက်ကူးပြသထားခြင်းဖြစ်သည်။ လူနာတစ်ဦးထံမှ ပလိပ်ရောဂါပိုးများကိုယူ၍ ဓာတ်ပုံရိုက်ကူးပြသထားခြင်း ဖြစ်သည်။ ပလိပ်ရောဂါသည် လူကိုသေစေနိုင်သော ရောဂါဖြစ်သည်။

အဆိုပါ ပလိပ်ရောဂါဖြစ်ပွားမှုကို အမေရိကန်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ လော့စ်အိန်ဂျလိစ်မြို့၌ ဖြစ်ပွားလျက်ရှိကြောင်း၊ ၂၂နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ဖြစ်ပွားခြင်းဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အရှည်ဆုံး ပိုးချည်ထည်ကျမ်းစာပေ

အရှည်မီတာ ၅၀၀၀ရှိသော ပိုးချည်ထည်ပေါ်တွင် ရေးသားထားသည့် တရုတ်ကျမ်းစာပေကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံပေကျင်းမြို့တွင် ခင်းကျင်းပြသခဲ့သည့် ပိုးချည်ထည်ပေါ်တွင်တရုတ်ကျမ်းစာ အက္ခရာများကို ပြီးစီးအောင် လက်ရေးဖြင့် တစ်နှစ်ခွဲကြာမျှ ရေးသားခဲ့ရသည်။ ယင်းပိုးချည်ထည်ကျမ်းစာလိပ်ကြီးတွင် အတွဲပေါင်း ၅၀ပါရှိပြီး တစ်တွဲလျှင် မီတာ ၁၀၀ရှိသောကြောင့် ကမ္ဘာတွင် အရှည်ဆုံး ပိုးချည်ထည်ကျမ်းစာပေအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်မည် ဖြစ်သည်။

(အင်တာနက်)



ကမ္ဘာ့အသေးငယ်ဆုံး အသံလွှင့်စက်

ကမ္ဘာ့အသေးငယ်ဆုံး အသံလွှင့်စက် တစ်ခုကို အတိုင်းအတာနှင့်တကွ ပြသထားစဉ်။ (ဝဲပုံ)

ဂျပန်နိုင်ငံတိုကျိုမြို့တွင် မကြာမီကပြုလုပ်ခဲ့သည့် အီလက်ထရွန်နစ် ပစ္စည်းများပြပွဲတွင် ကမ္ဘာ့အသေးငယ်ဆုံး အသံလွှင့်စက်လေးတစ်ခုကို ထည့်သွင်းပြသခဲ့သည်။ အဆိုပါ အသံလွှင့်စက်လေးသည် အလျား ၀ ဒသမ ၃ လက်မ၊ အနံ ၀ ဒသမ ၃ လက်မနှင့် အမြင့် ၀ ဒသမ ၂၅လက်မခန့်သာရှိသော်လည်း အသံလွှင့်မှုစွမ်းရည်မြင့်မားကြောင်းသိရသည်။ **(အင်တာနက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

ရန်ကုန်　ဧပြီ　၂၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ တာကီ၊ ဘင်၊ နာဂျီ၊ အဗ္ဗဒူ၊ ကာဒါ၊ အယ်လ်၊ အလီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်အပ်ရန် သဘောတူညီလိုက်ပြီး ဖြစ်သည်။

မစ္စတာ တာကီ၊ ဘင်၊ နာဂျီ၊ အဗ္ဗဒူ၊ ကာဒါ၊ အယ်လ်၊ အလီသည် ၁၉၆၁ခုနှစ်တွင် ဆော်ဒီအာရေဗျနိုင်ငံ အမ်လာဂျ်ပြည် တဘူခ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၆ခုနှစ်တွင် ဂျီဒတ်မြို့ဘုရင် အဗ္ဗဒူအဇစ် တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ၁၉၈၇ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၄ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ ဆော်ဒီအာရေဗျသံရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ၎င်းသည် နိုင်ငံသားရေးရာဦးစီးဌာနတွင် အထွေထွေမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ တာကီ၊ ဘင်၊ နာဂျီ၊ အဗ္ဗဒူ၊ ကာဒါ၊ အယ်လ်၊ အလီသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ မဟာသင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ အထူးကျွေးမွေး လှူဒါန်းခြင်းနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်းအတွက် အလှူငွေကျပ် ၃၁၈၅၀၀၀ ကို မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်က နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်သို့ နှစ်ဆန်းတစ်ရက်နေ့က ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

နံ့ရုံကပ်စာစောင်ပြသ၊ ဟောပြောပွဲကျင်းပ

ရန်ကုန်　ဧပြီ　၂၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက် နံ့ရုံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ကလေးကုန်းကျေးရွာ ရွှေပြည်သစ်စာကြည့်တိုက်၌ ဧပြီ ၇ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ကလေးကုန်းကျေးရွာ ရွှေပြည်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် မဂ္ဂဇင်းစာအုပ် ၅၀ကိုလှူဒါန်းရာ စာကြည့်တိုက်မှူး ဦးတင်လတ်က လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဓမ္မရောင်ခြည် ဓမ္မဒါန တရားပွဲများ ကျင်းပမည်

ရန်ကုန်　ဧပြီ　၂၀

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းခွဲ (၄၀)၏ တတိယအကြိမ်မြောက် ဓမ္မပူဇာအဖြစ် မြောက်ဥက္ကလာပမြို့နယ် ကရဏာပိုင်းရှိ ဖြူဟ္မစိုရ်ရဲမ္မာရုံ၌ ဧပြီ ၂၂ရက်တွင်သရက်တောကျောင်းတိုက် အောင်စကြာဆရာတော် ဘဒ္ဒန္တ စန္ဒသူရိယနှင့် ၂၃ ရက်တွင် အောင်ဆန်းတောရ တပ်ဦး မိုးကုတ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ်တိသရတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားကြမည်ဖြစ်သည်။

ထို့ပြင် ဓမ္မရောင်ခြည် ဓမ္မဒါန လုပ်ငန်းခွဲ ၆၇ တည်ရှိရာ မြောက်ဥက္ကလာပမြို့နယ် (ဓ)ရပ်ကွက်၊ ဥဒ္ဒနာဓမ္မာရုံ၌ ဧပြီ ၂၄နှင့် ၂၆ရက်တွင် ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ရိပ်သာ ဆရာတော် အရှင်မာလာစာရနှင့် ၂၅ရက်တွင်သဇင်ရေကျော်ကျောင်းတိုက် မိုးကုတ်ရိပ်သာဆရာတော် အရှင် ဉာဏောဘာသတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ညစဉ် တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၃၅၅၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

ရန်ကုန်　ဧပြီ　၂၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဖေသည် ကျွမ်းကျင်သူဦးကျော်ဟိုး လိုက်ပါလျက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အလုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်ရုံးများသို့ ဧပြီ ၈ရက်က သွားရောက်စစ်ဆေးပြီး ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မြို့နယ်စာကြည့်တိုက်နှင့် နံ့ရုံကပ်စာစောင်များ၊ မြေစိုက်နံ့ရုံကပ်ဘုတ်များကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



အန္တာတိကဒေသ၌ ရေခန်းခြောက်နေသောမြစ်များတွေ့ရှိ

အန္တာတိကဒေသတွင် ရေခန်းခြောက်နေသော မြစ်များကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြကြောင်း၊ အဆိုပါရေခန်းခြောက်နေသော မြစ်များ ပေါင်းစုစီးဆင်းခဲ့သည့် ကြီးမားသောရေအိုင်ကြီးမှာလည်း ခြောက်သွေ့သော အနေအထားဖြင့် တွေ့ရှိခဲ့ရကြောင်း အင်္ဂလန်နိုင်ငံမှ သုတေသနပညာရှင်များက ပြောကြားသည်။

ပြောင်းလဲမှု

သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲသွားမှုကြောင့် အန္တာတိကဒေသတွင် ရေခန်းခြောက်နေသော တောင်ကြားချိုင့်ဝှမ်းများ၊ ရေစီးကြောင်းများ၊ မြစ်များကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။ ထိုသို့သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်ခဲ့ရသော ရေခန်းခြောက်နေသည့် မြစ်များ၏ သက်တမ်းမှာ နှစ်သန်းပေါင်းများစွာကပင်ဖြစ်သည်ဟုလည်း ပညာရှင်များက ပြောကြားသည်။

အကောင်းဆုံးပြယုဂ်

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်ခဲ့ရသော ကမ္ဘာ့ရေပြင်နှင့် မြေပြင်အနေအထားများမှာ အံ့သြဖွယ်ကောင်းအောင် အနေအထားပြောင်းလဲခဲ့ကြောင်း အထူးသဖြင့် အန္တာတိကဒေသတွင် အကြီးမားဆုံးပြောင်းလဲဖြစ်ပေါ်ခဲ့ကြောင်း လန်ဒန်တက္ကသိုလ်မှ သုတေသနပညာရှင် ဒွန်ကင်ဝမ်ဟမ်က ပြောကြားသည်။

အချိန်ကာလ ပြောင်းလဲလာမှုနှင့် မြစ်၊ချောင်းများ ခန်းခြောက်ပြောင်းလဲသွားမှုတို့အတွက် အကောင်းဆုံးပြယုဂ်များမှာ အန္တာတိကဒေသတွင် တွေ့ရှိနိုင်ကြောင်း၊ ရေခန်းခြောက်နေသော နေရာဒေသအများအပြားတွင် သစ်ပင်နှင့် တိရစ္ဆာန်တို့ ရှင်သန်နေထိုင်ကြမှု မတွေ့ရှိရကြောင်းလည်း သိရသည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

ဟင်းခတ်အမွှေးအကြိုင်များသည် ကင်ဆာဖြစ်ပွားမှုကို မဟန့်တားနိုင်

အစားအစာများတွင် ထည့်သွင်းစားသုံးနေသော ဟင်းခတ်အမွှေးအကြိုင်များသည် လူတို့တွင် ဖြစ်ပွားနေသော ကင်ဆာရောဂါကိုကာကွယ်တားဆီးနိုင်စွမ်းမရှိကြောင်း အကြိုစမ်းသပ်စစ်ဆေးသုတေသနပြုချက်၌ တွေ့ရှိကြောင်းဟု သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ဟင်းခတ်အမွှေးအကြိုင်များကို အမြဲထည့်သွင်းစားသုံးသူလူ၂၂၅ဦးကို တစ်နှစ်ကြာမျှ စစ်ဆေးသုတေသနပြုခဲ့ရာတွင် ဟင်းခတ်အမွှေးအကြိုင်များ ထည့်သွင်းမစားသုံးသူများနှင့် မည်သို့မျှကွာခြားခြင်းမရှိကြောင်း၊ ကင်ဆာရောဂါ ဖြစ်ပွားနေသူများကိုလည်း ရောဂါဖြစ်ပွားမှု လျော့နည်းအောင်၊ တန့်သွားအောင် ပြုလုပ်နိုင်စွမ်းမရှိကြောင်း သုတေသနပြုချက်၌ ဖော်ပြထားသည်။

ငြင်းဆို

ထို့အပြင် စမ်းသပ်သုတေသနပြုရာတွင် အုပ်စုနှစ်စုခွဲခြားပြီး စနစ်တကျ သုတေသနပြုခဲ့သူ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုဆေးဘက်ဆိုင်ရာ ဌာနမှ ဆရာဝန်များကလည်း အချို့ပညာရှင်များက ပြောကြားသကဲ့သို့ ဟင်းခတ်အမွှေးအကြိုင်များသည် ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ရာ၌ အထောက်အကူပေးသည်ဆိုခြင်းကို ငြင်းဆိုလိုက်သည်။

စနစ်တကျ စမ်းသပ်သုတေသနပြုရာတွင် အဆိုပါပစ္စည်းများသည် လူခန္ဓာကိုယ်အတွင်း သွေးလည်ပတ်မှုကို အနည်းငယ်သာပြောင်းလဲစေနိုင်ပြီး အခြားအကျိုးဆက်များ မတွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားသည်။ **(ကိုးကား-အင်တာနက်)**



ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် မိဘများအားအမျှထား၍ အမှတ်(၁) ကျောင်းလမ်း ကျောက်ကုန်း ရန်ကုန် ဦးစိန်လင်း-ဒေါ်သဇင်ဝင်း၊ သမီး အေးပွင့်ဖြူ၊ သက်ဟန်နီကောင်းမှုအဖြစ် အလှူငွေကျပ် ၁၀၀၀၀၀ကို ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၁-၄-၂၀၀၆ ရက်
(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀	၆။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၀	၇။	အကပြိုင်ပွဲ
၈:၂၅	၈။	တံငါတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	တေးဂီတအစီအစဉ်
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၆:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၀	၆။	အတီးပြိုင်ပွဲ
၁၇:၁၅	၇။	**“အရေးကြီးလို့ပါ”** ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇:၂၀	၈။	မြန်မာစာ မြန်မာစကား
၁၇:၃၀	၉။	မြို့ပြနှင့် ကျေးလက်ခေတ်မီဖွံ့ဖြိုးတိုးတက်(ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေး)
၁၇:၄၀	၁၀။	နှောင်းခေတ်တေးပဒေသာ
၁၇:၅၀	၁၁။	**“မပြောမပြီး မတီးမမြည်”** နေရဲလင်း၊ မောင်မောင်မြင့်၊ ရှန်ဖုန်းအိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ် (ဒါရိုက်တာ-မောင်မောင်မြင့်)
၁၈:၀၀	၁၂။	ညနေခင်းသတင်း
၁၈:၃၀	၁၃။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၄။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၅	၁၅။	မြန်မာ့ပန်းဆယ်မျိုး (ပန်းရန်)
၁၉:၁၀	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ဖန်ပန်းလှလှ”**(အပိုင်း-၂)
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **“နှင်းဆီအိပ်မက်”** (အပိုင်း-၂၄)

✡ **ကျောဖုံးမှ**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်ဇနီး ဒေါ်ခင်လေးမြင့်၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး ဒေါ်တင်တင်လတ်၊ ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြ၍ ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဝဲပုံကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယာဘိဝံသအား ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဇနီးတို့က သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသနှင့် ဆရာတော်ကြီးများအား တိုင်းမှူးနှင့် ဇနီးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်

ယင်းနောက် သီလရှင်ဆရာကြီးများအား ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ဇနီး ဒေါ်ခင်လေးမြင့်နှင့် တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ် တို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသက သာဓုအနုမောဒနာတရား ချီးမြှင့်တော်မူပြီး ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားတွင် မော်လမြိုင်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း ၂၃ ကျောင်းနှင့် သီလရှင်စာသင်တိုက် လေးခုတို့အတွက် ဆွမ်းဆန်တော် အိတ် ၂၀၀၊ ဆီပိဿာ ၅၄၀၊ ဆား ၆၇၅ ပိဿာနှင့် ကြက်သွန်နီ ၂၇ အိတ်တို့ကို လှူဒါန်းကြောင်း သိရှိရသည်။

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များနှင့် သီလရှင် ဆရာကြီးများအား ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်ဇနီး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧပြီ ၁၇ ရက်က ဆူးလေစေတီတော် ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေးစီမံကိန်း ထီးတော်ကြီးနှင့်ကိုယ်လုံးတော်ကြီးအား ရွှေစင်ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ရေးနှင့် အရံစေတီတော်များပြုပြင်မွမ်းမံရေး မျက်ပါးရွှေသင်္ကန်း ကပ်လှူရေးလုပ်ငန်းအတွက် အမှတ် ၅၆ လှည်းတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့နေ ကွယ်လွန်သူ ဖခင်ဦးကြည်၊ မိခင်ဒေါ်ကျင်ဆွေအား ရည်စူး၍ သားသမီးမြေးတစ်စုက အရံစေတီတော်အလတ်တစ်ဆူ (ကိုယ်လုံးတော်နှင့်ထီးတော်) ရွှေသင်္ကန်းကပ်လှူရန် အလှူငွေကျပ်တစ်ဆယ့်နှစ်သိန်းကို ဂေါပကအဖွဲ့ဝင် ဦးကြိုင်မြင့်နှင့် ဦးမျိုးခင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

နေပြည်တော်မြို့တော် ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးဖွင့်

ရန်ကုန် ဧပြီ ၂၀

နေပြည်တော်မြို့တော် ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဖွင့်လှစ်ခြင်း အခမ်းအနားကို ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) နံနက် ၉နာရီက ပျဉ်းမနားမြို့ရှိ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ထူး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးဘိုနီ၊ ရမည်းသင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမြင့်ဆွေနှင့် အလုပ်အမှုဆောင်များ၊ ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့် အလုပ်အမှုဆောင်များ၊ လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်း၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့်အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ထူးနှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဘိုနီတို့က အမှာစကားပြောကြားကြပြီး ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးအတွက် လှူဒါန်းငွေကျပ် ၆၅၅၀၀၀ကို အလှူရှင်၊ စေတနာရှင် ၁၃ဦးတို့က ပေးအပ်လှူဒါန်းကြရာ ပျဉ်းမနား တပ်နယ်မှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက လက်ခံကြ၍ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဆိုင်းဘုတ်ကို ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ထူး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရမ်းမြို့ ထီးလှိုင်ရှင် ဇီဝိတပရဟိတ စုပေါင်းအလှူတော်မင်္ဂလာမဏ္ဍပ်ဖွင့်ပွဲ

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ် (၆)ရပ်ကွက်၏ ထီးလှိုင်ရှင် ဇီဝိတပရဟိတစုပေါင်း အလှူတော်မင်္ဂလာမဏ္ဍပ် ဖွင့်ပွဲကို ဧပြီ ၁၃ ရက်တွင် ကျင်းပရာ နာယကများဖြစ်ကြသော မင်္ဂလာဗျူဟာအဖွဲ့ချုပ်မှ စာရေးဆရာ အယ်ဒီတာချုပ် ဦးဝင်းမောင် (မင်းယုဝေ)၊ တိုင်းရင်းဆေးသမားတော် ဦးစောထွန်း၊ ဦးဇေယျာအောင်၊ အကျိုးတော်ဆောင် ဦးစောသန်းအောင် (AWC)၊ ဦးသူရကျော်နှင့် တာဝန်ရှိသူများ ထီးလှိုင်ရှင် (မင်းကျန်စစ်) အဖွဲ့ဝင်များ၊ စေတနာရှင် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥက္ကဋ္ဌနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဌေးအောင်ကျော်တို့က ဖဲကြိုးဖြတ်၍ အလှူတော်မင်္ဂလာကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စေတနာရှင်များနှင့် အကျိုးတော်ဆောင်များက ငှက်မျိုးစုံကောင်ရေ ၃၀၀ကျော်နှင့် ငါးများကို ဘေးမဲ့လွှတ်ကြပြီး **(အပေါ်ယာပုံ)** ထမင်းထုပ် ၃၀၀၀ကျော်ကို စတုဒိသာအဖြစ် လှူဒါန်းကြသည်။

ထို့အပြင် ဧပြီ ၁၄၊ ၁၅ ရက်နှင့် ၁၆ရက်များတွင်လည်း ထမင်းထုပ်များကို ဝေငှ လှူဒါန်းကြပြီး ဧပြီ ၁၇ ရက် နှစ်ဆန်းတစ်ရက်နေ့တွင် ရပ်ကွက်အသီးသီးရှိ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအား အဝတ်အထည်၊ စောင်၊ ခြင်ထောင်နှင့် ငွေသားစုစုပေါင်း ၁၀သိန်းကျော်တို့ကို စုပေါင်း လှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အလက(၂)ဒဂုံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

ဒဂုံမြို့နယ် အလက(၂)၌ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမကြီးများအား(ယခင်မင်းမနိုင်ကျောင်းမှ ၂၀၀၅ခုနှစ်အထိ) အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မေ ၁ ရက် (အလုပ်သမားနေ့) နံနက် ၉နာရီတွင် အလက(၂)ဒဂုံသူရိန်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဆရာမကြီးဒေါ်စန်းတင့် ဖုန်း–၃၇၉၁၇၈၊ သီတဂူကိုနိုင်ဦး ဖုန်း–၅၉၁ ၉၉၉၊ ၅၉၀၅၉၀၊ ဆရာမဒေါ်စန်းစန်းဝေ ဖုန်း–၅၅၈၁၆၈၊ ကိုသန်းဝင်း ဖုန်း–၃၈၂၂၃၅၊၂၄၂၁၀နှင့် ကိုငြိမ်းချမ်းဦး ဖုန်း–၀၉–၈၀–၂၄၀၇၂ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း မျက်စိဆေးရုံကြီးနှင့် ဝေဘာဂီဆေးရုံများသို့ ငွေများလှူဒါန်း

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းက ရန်ကုန်မြို့ နတ်မောက်လမ်းရှိ မျက်စိဆေးရုံကြီးနှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ ဝေဘာဂီကူးစက်ရောဂါ အထူးကုဆေးရုံများသို့ အလှူငွေကျပ် ၁၀သိန်းစီကို ဆေးရုံအုပ်ကြီးများထံသို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းကြသည်။ **(အောက်ပုံ)**

တက်ရောက်

လှူဒါန်းရာသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုး၊ ဂုဏ်ထူးဆောင်အဖွဲ့ဝင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီး ဒေါ်နီလာသော်၊ နာယက အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၏ ဇနီးများဖြစ်ကြသော ဒေါ်လှဲ့လှဲ့ကြည်နှင့် ဒေါက်တာဒေါ်ခင်မြဝင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံရုံးမှ အမျိုးသမီးသံအမတ်ကြီးနှင့် အာဆီယံနိုင်ငံသံအမတ်ကြီးများ၏ ဇနီးများ၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်နှင့် တာဝန်ရှိသူများ၊ မျက်စိဆေးရုံကြီးနှင့် ဝေဘာဂီ ကူးစက်ရောဂါ အထူးကုဆေးရုံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သဲအင်းဂူလစဉ်အဘိဓမ္မာစခန်းပွဲ

ရန်ကုန် ဧပြီ ၂၀

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၁၆ရပ်ကွက် သာသနာဒီပ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်ကျင်းပလျက်ရှိသော အဘိဓမ္မာတရားစခန်းပွဲကို ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တသိရိန္ဒ၊ အရှင်သုနန္ဒ (သာသနာဒီပ) ဆရာတော်များက ကဆုန်လဆန်း ၁ ရက်မှ ၅ ရက်(ဧပြီ ၂၇ရက်မှ မေ ၁ ရက်)အထိ ငါးရက်တိုင်တိုင် ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ပေးတရားတော်များ ဟောကြားပြသမည် ဖြစ်သည်။ တရားအားထုတ်လိုသူများ ဧပြီ ၂၆ရက် ညနေလာရောက်ကြရန်နှင့် ဆွမ်း၊ အချိုပွဲအလှူရှင်များ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

● **ကျောဖုံးမှ**

အလေအလွင့် မဖြစ်စေရန် ကြပ်မတ်ရေး၊ သုံးစွဲရာတွင်လည်း စိစစ်ချွေတာသုံးစွဲရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် စက်မှုသင်တန်းကျောင်း (မန္တလေး) တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက သင်တန်းကျောင်းအဆောက်အအုံဆောက်လုပ်ရာတွင် လက်ရာလက်သား သေသပ်ကောင်းမွန်ရေး၊ သတ်မှတ်စံချိန်ညွှန်းများနှင့် ကိုက်ညီရေး၊ ယန္တရားသုံး စက်သုံးဆီများကို ခြိုးခြံချွေတာသုံးစွဲရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း သံတွဲမြို့ရှိ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ သံတွဲခရိုင်နှင့် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သံတွဲမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✡ ရွှေဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က ရခိုင်ပြည်နယ်တစ်ခုလုံး၏ ရော်ဘာစိုက်ဧကဒေါက်တာအောင်မြကျော်နှင့် ကုန်သည် ဦးထွန်းသန့်ကျော်တို့က နိုင်ငံတော်၏ အားပေးမှုများကြောင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် ဆက်လက်ညှိနှိုင်းဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းဆွေးနွေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြရာ ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ရခိုင်ပြည်နယ်၌ ဖြစ်ထွန်းသည့် ရော်ဘာစိုက်ပျိုးရေးတွင် ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်သွားမည့်ကိစ္စများ၊ ကြက်ဆူပင်စိုက်ပျိုးနည်းစနစ်များ၊ ခရိုင်အတွင်း ဒေသဆန်ဖူလုံမှုရှိပြီးဖြစ်သော်လည်း အထွက်နှုန်းပိုမိုကောင်းမွန်ရေးအတွက် မျိုး၊ နည်းပညာနှင့် စိုက်နည်းစနစ်များ ပြောင်းလဲသွားရန် လိုအပ်ပုံများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စက်သုံးဆီဝယ်ယူရမှု အဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ပြည်နယ်အတွင်းရှိ ဒီရေတောများ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဝန်ဆောင်မှု၊ ကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှု တိုးချဲ့ရင်းနှီးမြှုပ်နှံ၍ နိုင်ငံ့စီးပွားတိုးတက်အောင် ဝိုင်းဝန်းပါဝင်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

တစ်သိန်းနှင့် ကြက်ဆူစိုက်ဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးရေးလုပ်ငန်းများတွင် သံတွဲခရိုင်က ပါဝင်စိုက်ပျိုးသွားမည့် အခြေအနေများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရော်ဘာစိုက်ပျိုးမှုအခြေအနေများ၊ ခရိုင်အတွင်းရှိ ပြည်သူများ၏ လူတစ်ဦးချင်းဝင်ငွေ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဖန်တီးပေးထားသော အခြေခံလမ်းမကြီးများကို အသုံးပြု၍ ပြည်နယ် ဖွံ့ဖြိုးရေးကို ဆက်လက်ဖော်ဆောင်သွားမည့်အခြေအနေများ၊ ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရသေ့တောင်၊ ပေါက်တောနှင့် မြေပုံမြို့နယ်များ၏ လမ်းပန်းဆက်သွယ်မှု အခြေအနေနှင့် ပြည်နယ်အတွင်း ရော်ဘာဧက တစ်သိန်းအထိ တိုးချဲ့စိုက်ပျိုးရေး စီမံကိန်း၌ လုပ်ငန်းရှင်များ ပါဝင်ပူးပေါင်းရန် လိုအပ်ပုံများ၊ ယခုအထိ ရော်ဘာဧက ၈၂၀၀ ကျော် စိုက်ပျိုးပြီးစီးခဲ့ရာ နှစ်အလိုက် ဆက်လက်စိုက်ပျိုးသွားမည့် အစီအမံများ၊ ကြက်ဆူတိုးချဲ့စိုက်ပျိုးရေး စီမံထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ကုန်သည်ကြီးများကိုယ်စား ရေလုပ်ငန်းရှင် ဦးခင်စိုး၊ ဟိုတယ်လုပ်ငန်းရှင်

အိပ်မက်အဖြစ်ပင် ဒေသခံများ စဉ်းစားခဲ့ခြင်းမရှိသည့် ရန်ကုန်-ကျောက်ဖြူလမ်းမကြီးကိုလည်း နိုင်ငံတော်အကြီးအကဲ၏ စေတနာ၊ အမြော်အမြင်ကြီးမှုတို့ကြောင့် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီ၊ ဤကဲ့သို့ အောင်မြင်မှုများရရှိခြင်းမှာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့်ဖြစ်သည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးထားမှုများ၊ ရခိုင်ပြည်နယ်အတွင်း အဆင့်မြင့်ဆက်သွယ်ရေးစနစ်များ ဖြစ်ပေါ်လာရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ဟိုတယ်လုပ်ငန်းရှင်များအပိုင်းကလည်း သံတွဲဒေသ၌ ရော်ဘာဧက ၄၅၄၀ စိုက်ပျိုးရန် လျာထားပြီးဖြစ်၍ ရည်မှန်းချက်အောင်မြင်ဖြစ်ထွန်းရေးအတွက် ဖိဖိစီးစီး ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ရေငန်ပုစွန် အထွက်တိုးရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အပိုင်းက

ရှင်းလင်း တင်ပြ

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက် ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင် မောင် မြင့် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေးရန်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အကြီးအကဲ ဦးစီးခေါင်းဆောင်သည့် မိမိတို့အဖွဲ့ ရခိုင်ပြည်နယ်သို့ရောက်ရှိလာခြင်း ဖြစ်ကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရအပေါ် သစ္စာရှိရှိဖြင့် မိမိတို့၏ဌာနတာဝန်များကို ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မိမိရောက်ရှိရာဒေသကို မိမိဒေသကဲ့သို့ သဘောထား၍ ဒေသဖွံ့ဖြိုးတိုးတက်ရာတိုးတက်ကြောင်းများကို ဝိုင်းဝန်းဆောင်ရွက်ရန်၊ ပြည်သူကို အလုပ်အကျွေးပြုရန်လိုကြောင်း၊ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ စေတနာနှင့် ပေါင်းစပ်ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်မှုများရရှိမှာ သေချာကြောင်း။

နိုင်ငံတော်ကြီးတစ်ရပ်လုံး ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေဒေသအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရန်လိုအပ်ကြောင်း။

ကုန်ထုတ်လုပ်မှုတိုးတက်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ အရင်းအနှီးရှိသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ၌ရော ကုန်ထုတ်လုပ်မှုကဏ္ဍများ၌ပါ တိုးချဲ့ရင်းနှီးမြှုပ်နှံ၍ နိုင်ငံ့စီးပွားတိုးတက်အောင် ဝိုင်းဝန်းပါဝင်ရန်လိုအပ်ကြောင်း။

စည်းကမ်းတကျလုပ်ကိုင်

ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ရာ၌ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းအတွက်လည်းအကျိုးရှိ၊ နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းမည့် စီးပွားရေးလုပ်ငန်းများကို စည်းကမ်းတကျလုပ်ကိုင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

တိုးချဲ့လုပ်ကိုင်

ပြည်ပပို့ကုန်များ တိုးချဲ့တင်ပို့နိုင်အောင် နိုင်ငံခြားသုံးငွေ တိုးတက်ရရှိအောင် ကြိုးပမ်းရမှာဖြစ်သကဲ့သို့ ပြည်ပမှ ပစ္စည်းများအပေါ် မှီခိုအားထားနေရမှုမှ လျော့နည်းကျဆင်းပြီး မိမိ၏ ကိုယ်ပိုင်ထုတ်လုပ်နိုင်အားအပေါ် ရပ်တည်နိုင်အောင် သွင်းကုန်အစားထိုးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်ရန် လိုအပ်ကြောင်း။

အားပေးကူညီ

နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ အားပေးကူညီစောင့်ရှောက်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းကရော၊ ပုဂ္ဂလိကအပိုင်းကပါ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ပို့ကုန်များ တိုးချဲ့တင်ပို့ရေး၊ သွင်းကုန်များအစားထိုးနိုင်ရေး၊ အလေအလွင့် အဆုံးအရှုံးလျော့နည်းရေး၊ ခြိုးခြံချွေတာရေးတို့ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ့စီးပွား ပိုမိုဖွံ့ဖြိုးစေမှာဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာနှုတ်ဆက်အားပေးသည်။

တွေ့ဆုံမှာကြား

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဗိုလ်ချုပ်သိန်းဆွေတို့သည် ဧပြီ ၁၆ရက် မွန်းလွဲပိုင်းတွင် သံတွဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ သံတွဲခရိုင်နှင့် သံတွဲမြို့နယ်အသင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား တွေ့ဆုံ၍ မှာကြားကြသည်။

ကြည့်ရှုစစ်ဆေး

အလားတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၁၈ရက် နံနက်ပိုင်းတွင် သံတွဲမြို့နယ်ရှိ ညောင်ပင်ကွင်း ဆီအုန်းခြံနှင့် ငပလီရော်ဘာခြံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး သံတွဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ သံတွဲခရိုင်နှင့် သံတွဲမြို့နယ်အသင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

အိပ်မက်အဖြစ်ပင် ဒေသခံများ စဉ်းစားခဲ့ခြင်းမရှိသည့် ရန်ကုန်–ကျောက်ဖြူလမ်းမကြီးကိုလည်း နိုင်ငံတော်အကြီးအကဲ၏ စေတနာ၊ အမြော်အမြင်ကြီးမှုတို့ကြောင့် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဤကဲ့သို့ အောင်မြင်မှုများရရှိခြင်းမှာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်၏ စီးပွားရေးမှာလည်း အတိုင်းအတာတစ်ရပ်အထိ တိုးတက်အောင်မြင်လာခြင်းကြောင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကိုသာမက နိုင်ငံ့ဝန်ထမ်းများ၏ လစာကိုလည်း တိုးမြှင့်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံသို့ တက်ရောက်ခဲ့သော မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhenjiang ပြည်နယ် Hangzhou နှင့် Zhoushan မြို့များ၌ ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံသို့ တက်ရောက်ခဲ့သော စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာ အရှင်ဉာဏိဿရ(D.Litt) ဦးဆောင်သော မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ၈ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်သော မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ဝင် များအား အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာ မြင့်ကြည်၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှု သံမှူး Mr. Wang Ruiqing၊ တာဝန်ရှိသူများ၊ သီတဂူသာသနာပြုအဖွဲ့နှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတို့မှ တာဝန်ရှိသူများ၊ တပည့် ဒါယကာ၊ ဒါယိကာမများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြည်ညိုကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခဆရာတော် ဒေါက်တာ ပုဏ္ဏောဘာသ၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အမှုဆောင် ဒေါက်တာကံညွန့်တို့လည်းပြန်လည်လိုက်ပါလာကြသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေးမြင့်တင်ရောင်းချမှုကြောင့် ရွှေဆိုင်များ ခြောက်ကပ်နေပြီ

ရန်ကုန် ဧပြီ ၂၀

နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများ၏ လစာကို ဧပြီ ၁ရက်မှစတင်၍ တိုးမြှင့်ပေးခဲ့မှုကို မုဒိတာပွားများရမည့်အစား ရွှေကုန်သည်များနှင့် ရွှေဆိုင် ပိုင်ရှင်များက ရွှေဈေးနှုန်းကို မတန်တဆ မြှင့်တင်ရောင်းချနေကြောင်း ကြားသိရသည်။

ယင်းသို့ကြောင်းကျိုးဆီလျော်မှုမရှိဘဲ မတော်လောဘစိတ်ဖြင့် ရွှေဈေးနှုန်းမြှင့်တင်ရောင်းချနေမှုကြောင့် ယခင်ပုံမှန်ဝယ်ယူရောင်းချမှုများပင် ရပ်တန့်ရပ်ဆိုင်းကာ ရွှေဝယ်ယူသူ မရှိကြောင်းနှင့် ရွှေဆိုင်များ၌ ခြောက်ကပ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ပဉ္စမအကြိမ်အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၀

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)ရန်ကင်းပညာရေးကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို လာမည့် မေ၂၀(စနေနေ့) နံနက် ၈နာရီတွင် အဆိုပါကောလိပ်၌ကျင်းပရန် စီစဉ်ထားသည်။ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံ ကြွရောက်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးနု ဖုန်း–၃၇၀၈၉၀၊ ဦးသာအောင်ကျော် ဖုန်း–၀၇၂–၂၂၂၆၇၊ ဦးခင်မောင်စိုး ဖုန်း–၅၄၈၈၂၅၊ ဦးမဲအောင် ဖုန်း–၀၉–၅၁၄၉၇၉၄၊ ဦးအေးလွင် ဖုန်း–၂၁၂၉၆၉/၃၀၅၊ ဦးတင့်လွင် ဖုန်း–၅၆၅၆၄၁၊ ဦးဝင်းလှိုင်ထိန် ဖုန်း–၃၇၉၄၃၇၊ ဒေါ်စန်းနု ဖုန်း–၀၅၆– ၂၁၀၃၂၊ ဦးရန်နောင် ဖုန်း–၆၄၀၁၈၈၊ ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း–၅၇၇၀၇၂ တို့သို့ လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းပညာရေးမှူးများမှ တစ်ဆင့်လည်းကောင်း မေ၁၃ရက်(စနေနေ့) နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများဆက်သွယ်ပေးပို့လှူဒါန်းကြရန်နှင့်မြတ်ဆရာပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သီတဂူရေအလှူအထူးတရားပွဲ

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်လုံးဆိုင်ရာ သီတဂူရေအလှူ အထူးတရားပွဲကို ထန်းတပင်မြို့ ရဲစခန်းရှေ့ လွတ်လပ်ရေးကျောက်တိုင်ကွင်း ဓမ္မသဘင်တွင် ကျင်းပမည် ဖြစ်ရာ ဧပြီ၂၄ရက်(တနင်္လာနေ့)တွင် ဘဒ္ဒန္တ ဆေကိန္ဒ(A.G.T.I) ပဋ္ဌိပတ္တိ မဟာဌာန ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ ၂၅ ရက်(အင်္ဂါနေ့)တွင် ဘဒ္ဒန္တ ခေမာသီရိ လင်္ကာရ(ရွှေပြည်ဟိန်း) ပိဋကတ်တစ်ပုံဆောင်၊ ၂၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ (D.Litt)(သီတဂူဆရာတော်)အရှင်သူမြတ်တို့က ညစဉ် ၇နာရီခွဲမှစ၍ ဗုဒ္ဓဟောကြားသုတ္တန်ဒေသနာတော်များ ဟောကြားတော်မူကြမည်ဟုသိရသည်။ **(က–ပ)**

ရွှေပန်းပွင့်နှင့် ရွှေသက်န်းများ လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၂၀

ရွှေတိဂုံစေတီတော် ရက္ခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်းက ကြီးမှူးသွန်းလောင်းပြီးဖြစ်သော မဟာမုနိရုပ်ပွားတော်မြတ်ကြီး၏ မကိုဋ်တော်တွင် ရွှေပန်းပွင့်များ စီရီတပ်ဆင်နေပြီး ကိုယ်လုံးတော်တွင်လည်း ရွှေသင်္ကန်း ဆက်ကပ်ပူဇော်မည်ဖြစ်ရာ ဦးဝရသာမိ ဖုန်း–၃၇၉၈၉၈၊ ဦးကျော်မောင် ဖုန်း–၀၉–၅၀၁၁၃၈၄၊ ဦးခင်မောင်သန်း ဖုန်း–၅၄၉၉၂၅နှင့် ဦးမင်းဇော် ဖုန်း–၅၅၆၁၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

သင်ကြားမှု အရည်အသွေး ပြည့်ဝမှ သင်ယူသူများ အရည်အသွေးပြည့်ဝမည်

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော လူမှုရေးဦးတည်ချက်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေးအတွက် ၁၉၉၇-၉၈ ပညာသင်နှစ်မှစတင်၍ ပညာရေးနှီးနှောဖလှယ်ပွဲများကျင်းပကာ ပညာရေးမြှင့်တင်မှု အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၀၁ခုနှစ် မေလတွင် ကျင်းပသော အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ ပညာရေးနှီးနှောဖလှယ်ပွဲများတွင် အမျိုးသားပညာရည်မြင့်မားရေး အနှစ်၃၀နှစ်ရှည် စီမံကိန်းကို ရေးဆွဲအတည်ပြုခဲ့ကြပြီး ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

အနှစ် ၃၀နှစ်ရှည်စီမံကိန်းကို ၂၀၀၁-၂၀၀၂မှ ၂၀၃၀-၂၀၃၁အထိ နှစ်တိုငါးနှစ်စီမံကိန်းကာလ ခြောက်ခုပိုင်းခြား၍ အကောင်အထည်ဖော်ဆောင်ရွက်သကဲ့သို့ ၂၀၀၀-၂၀၀၁ မှ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အထိ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကိုလည်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အမျိုးသားပညာရည် မြင့်မားရေးအတွက် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ဆရာဆရာမများ၏ သင်ကြားမှုအရည်အသွေးမြင့်မားရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ရေး၊ သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လေးစားလိုက်နာရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေးဟူသော ဦးတည်ချက်များကို အထူးအလေးပေး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန် မှာကြားထားသည်။

ထိုလမ်းညွှန်မှာကြားချက်များနှင့်အညီ ကျောင်းတွင်းစီမံခန့်ခွဲမှုလုပ်ငန်းများ သွက်လက်ထက်မြက်စေရေးအတွက် အခြေခံပညာကျောင်းများ၊ ရုံးများ၏ စီမံခန့်ခွဲမှုအရည်အသွေးမြှင့်တင်ရေးသင်တန်းများကို ၂၀၀၅ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလအတွင်း သင်တန်းသုံးကြိမ်ဖွင့်လှစ်လေ့ကျင့်ပေးပြီး စီမံခန့်ခွဲရေးလုပ်ငန်းများ၊ သင်ကြားသင်ယူမှုနှင့် စစ်ဆေးတိုင်းတာမှုလုပ်ငန်းများ ပိုမိုထိရောက်စေရန် ဆောင်ရွက်နိုင်ခဲ့သည်။

အမျိုးသားပညာရည်မြင့်မားရေး အနှစ်၃၀ နှစ်ရှည်စီမံကိန်း၏ ပထမနှစ်တို ငါးနှစ်စီမံကိန်းကာလအတွင်း ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေး၊ ကျောင်းနေအရွယ်လွန် ကလေးတိုင်း အချိန်တိုကာလအတွင်း မူလတန်းပညာကို သင်ယူပြီးမြောက်ရေးတို့အပြင် အလယ်တန်းပညာကို လက်လှမ်းမီစွာ သင်ယူနိုင်ရေးအတွက် မူလတန်းလွန်ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြင့် အမျိုးသားပညာရည်မြင့်မားရေးအတွက် ကြိုးပမ်းခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၁ရက်နေ့မှ ၂၆ရက်နေ့အတွင်း ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေးသည့်ခရီးစဉ်တွင် ပညာရေးအရည်အသွေးမြင့်မားရေးနှင့် နိုင်ငံတကာ အဆင့်မီရေးအတွက် အခြေခံပညာကဏ္ဍနှင့်အဆင့်မြင့်ပညာကဏ္ဍတို့တွင် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာ အဆင့်မြှင့်တင်ရေးဆွေးနွေးပွဲများ ပြုလုပ်ပြီး ပြုပြင်ရေးဆွဲရေး၊ အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အခြားလိုအပ်သည့် ဘာသာရပ်များအတွက် ဘာသာရပ်သင်ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

လင်း (ပညာရေး)

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဆရာ၊ ဆရာမများသင်ကြားမှု အရည်အသွေးမြင့်မားစေရေးအတွက် အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းများကို မတ်လ ၂၈ရက်မှ မေလ ၂၆ရက်အထိ ဖွင့်လှစ်လေ့ကျင့်ပေးလျက် ရှိသည်။

နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၃၀တွင် တက္ကသိုလ်ဆရာ၊ ဆရာမ ၂၆၉ဦးတို့က အခြေခံပညာ အထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမ ၆၉၃၂ဦးကို လေ့ကျင့်သင်တန်းပေးနေပြီဖြစ်ရာ အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍဟူ၍ မခွဲခြားဘဲ ပညာရေးမိသားစုက တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် စွမ်းအားစုနှစ်ခုကို ပေါင်းစည်း ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့တွင် ဖွင့်လှစ်သော အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာ၊ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားများတွင် ပညာရေး ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက "နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တက္ကသိုလ်ဆရာ၊ ဆရာမများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်အလိုက် အရည်အသွေးပြည့်ဝသည့် ဘာသာပြဆရာ၊ ဆရာမများအဖြစ် ပေါ်ထွန်းလာစေရေးအတွက် လေ့ကျင့်သင်ကြားပေးကြစေလိုကြောင်း၊ မွမ်းမံသင်တန်းကို တက်ရောက်လာကြသည့် အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်သင် ဆရာ၊ဆရာမများအနေဖြင့်လဲ ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာရေး အရည်အသွေးမြင့်မားရေးမျှော်မှန်းချက်များကို ပြည့်မီကျော်လွန်သည်အထိ ကြိုးပမ်းလေ့လာမှတ်သားသွားကြစေလိုကြောင်း။ သင်တန်းဆင်းပြီးနောက် မိမိတို့ကျောင်းသို့ ပြန်လည်ရောက်ရှိချိန်၌လည်း သင်တန်းက ဆွေးနွေးပို့ချလိုက်သည့် အကြောင်းအရာ အချက်အလက်များနှင့် အတွေ့အကြုံများကို အသုံးပြုပြီး ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးကို မြှင့်တင်ပေးကြစေလိုကြောင်း"ဖြင့် တိုက်တွန်းမှာကြားခဲ့သည်။

အမျိုးသားပညာရေးမြင့်မားရေးဟူသော ဦးတည်ချက် ရောက်ရှိရေးတွင် အခြေခံပညာကဏ္ဍသည် အခြေခံအုတ်မြစ်ဖြစ်သည်။ ထိုအခြေခံအုတ်မြစ်ခိုင်မာရေးအတွက် တာဝန်ယူတည်ဆောက်ကြရသော ပညာရေးဗိသုကာ ဆရာ၊ဆရာမများ အရည်အသွေးပြည့်ဝနေပါမှ အနာဂတ်နိုင်ငံ့သားကောင်းများဖြစ်ကြသည့် ကျောင်းသားကျောင်းသူများအနေဖြင့် အီလက်ထရွန်နစ်နည်းပညာများ အံ့မခန်းတိုးတက်နေသည့် ပညာခေတ်တွင် အရည်အသွေးစုံလင်သော လူ့ဘောင်လောကကို ရင်ဆိုင်နိုင်ကြမည် ဖြစ်သည်။

သင်ကြားမှုအရည်အသွေးပြည့်ဝနေပါမှ သင်ယူသူများ အရည်အသွေးပြည့်ဝမည်ဖြစ်ရာ ဆရာ၊ ဆရာမများအနေဖြင့် ဤကဲ့သို့သော ကောင်းမွန်ထူးခြားသည့် မွမ်းမံသင်တန်းမှ ရရှိလာသော အတွေ့အကြုံ အချက်အလက်များကို အရင်းတည်၍ နိုင်ငံတော်၏ ပညာရေး ရည်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူများအဖြစ် ကြိုးပမ်းအားထုတ်သွားနိုင်ကြမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

အမျိုးသားပညာရေး မြင့်မားရေးဟူသော ဦးတည်ချက် ရောက်ရှိရေးတွင် အခြေခံပညာကဏ္ဍသည် အခြေခံအုတ်မြစ်ဖြစ်သည်။ ထိုအခြေခံ အုတ်မြစ်ခိုင်မာရေးအတွက် တာဝန်ယူ တည်ဆောက်ကြရသော ပညာရေးဗိသုကာ ဆရာ၊ ဆရာမများ အရည်အသွေး ပြည့်ဝနေပါမှ အနာဂတ်နိုင်ငံ့သားကောင်းများဖြစ်ကြသည့် ကျောင်းသားကျောင်းသူများအနေဖြင့် အီလက်ထရွန်နစ်နည်းပညာများ အံ့မခန်း တိုးတက်နေသည့် ပညာခေတ်တွင် အရည်အသွေးစုံလင်သော လူ့ဘောင်လောကကို ရင်ဆိုင်နိုင်ကြမည် ဖြစ်သည်။

မိခင်ကြီးအား အမှူးထား၍ ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းဈေးတိကလမ်း အမှတ်(၃၇) နေ ဦးစိန်အောင်-ဒေါ်မာမာဝင်း၊ သား ဒေါက်တာဇော်မင်းဦး၊ သမီး ဥမ္မာအောင်၊ သား မောင်သက်ကိုကိုအောင် မိသားစုနှင့် မြေးများက ဒဂုံမြို့နယ်၊ အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် နှစ်သိန်းကို တိ=နိ(ရန်ကုန်ဌာန) ဒုတိယဉက္ကဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကန်တော်ကလေးအရှေ့ပိုင်း ၉၃ လမ်းဓမ္မာရုံတရားပွဲ

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးအရှေ့ပိုင်း ရပ်ကွက် ၉၃ လမ်း ဓမ္မာရုံတွင် ဧပြီ ၂၁ရက်မှ ၂၃ရက်အထိ ညစဉ်၇နာရီမှစ၍တရားပွဲများကျင်းပမည်ဖြစ်သည်။

ဧပြီ၂၁ရက်တွင် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ(ပန်းတစ်ပွင့်တောင်ဆရာတော်)က လည်းကောင်း၊ ဧပြီ ၂၂ ရက်တွင်တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ သ-စ-အ ပါဠိပါရဂူ အဂ္ဂမဟာအကျော် အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)က လည်းကောင်း၊ ဧပြီ၂၃ရက်တွင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ(D.Litt Ph.D) ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များဟောကြားမည်ဖြစ်ရာ ဓမ္မမိတ်ဆွေ အပေါင်းကြွရောက်တရားနာယူကြရန် ဖိတ်ကြားထားကြောင်း သိရသည်။**(က-ပ)**

အမက(၆)သာကေတ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၉ ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းဆောင်ပြုပြင်ရန်နှင့် အာဟာရအတွက် ငွေကျပ်၁၁သိန်းငါးသောင်းကို Zeal Men Home Decoration မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်ဇေလင်းနှင့်မိသားစုက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းမြိုင်က လက်ခံယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။ (၂၅၈)

MRTV-4
ရုပ်မြင်သံကြား အစီအစဉ်

၂၁-၄-၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	စိတ်ဝင်စားစရာ ပုလဲရတနာ (အပိုင်း-၁)
၇း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၀	သစ်ဆိမ့်ဖူးစာ (သျှားညို၊ ခိုင်နှင်းဝေ)
၇း၄၅	ပိုက်ဆက်အတတ်ပညာ (အပိုင်း-၂)
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	Myanmar Video Rhythm
၈း၄၅	မိုးလေဝသခန့်မှန်းချက်
၈း၅၀	သုတစွယ်စုံစာပေဆု
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ကွန်ချောင်းရေလှောင်တမံနှင့်နွေစပါး
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	သွားအကြောင်း သိကောင်းစရာ (အပိုင်း-၁)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	လှပရှုမငြီး ပန်းအလှဆင်နည်း
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၁၀း၅၀	ပြည်တွင်း သတင်းအကျဉ်း
၁၁း၀၀	အရုပ်ချစ်သူများသို့
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	Music Talk (ရွှာစားစိန်လှငွေ၊ သားစိုး၊ ဒီဂျေဂျေး၊ သတိုး)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

❐ **ကျောဖုံးမှ**

မြန်မာနိုင်ငံတွင် ယခုအခါ မြန်မာသတင်းအချက်အလက်နှင့် နည်းပညာ ရက်သတ္တပတ်များကို ကျင်းပလာခဲ့သည်မှာ ပဉ္စမအကြိမ် တိုင်ခဲ့ပြီ ဖြစ်သည်။ ယခု ပဉ္စမအကြိမ် မြန်မာသတင်းအချက်အလက်နှင့် နည်းပညာ ရက်သတ္တပတ် (ပြပွဲ)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော် ခန်းမ၌ ဧပြီ ၂၈ရက်မှ ၃၀ရက်အထိ ခင်းကျင်း ပြသသွားမည်ဖြစ်သည်။

ပထမဆုံး

ပြပွဲသို့ မြန်မာနိုင်ငံရှိ အိုင်တီနည်းပညာသုံး ကုမ္ပဏီပေါင်း ၆၈ခု ကျော်ပါဝင်ပြသမည်ဖြစ်ပြီး ယခုအခါ ပြခန်းနေရာချထားမှု အစီအစဉ်များလည်းဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။ တပ်မတော်ခန်းမ၌ ယခုကဲ့သို့ မြန်မာသတင်းအချက်အလက်နှင့် နည်းပညာ ရက်သတ္တပတ်(ပြပွဲ)ကို ပထမဆုံးအကြိမ် ကျင်းပပြသခြင်းလည်း ဖြစ်သည်။

ခင်းကျင်းပြသမည်

သုံးရက်ကြာ ခင်းကျင်းပြသမည့် ပဉ္စမအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၆တွင် ပါဝင်ပြသမည့် အိုင်တီနည်းပညာသုံး ကုမ္ပဏီများ ဖြစ်သည့် VCT Group , Lucky Bird Co.,Ltd, MUC, Smart, MSI , Shwe Moe Tain , DCD, MCC, CTM, Nawarat, Cybertron, Lin Thuzar, Myanmar Word Distribution စသည့်ကုမ္ပဏီတို့က ပြခန်းပေါင်း၁၅၀ ခန့် ခင်းကျင်းပြသမည်ဟု သိရသည်။

ထိုသို့ တပ်မတော်ခန်းမတွင် အိုင်တီပြခန်းများ ခင်းကျင်း ပြသကဲ့သို့ တစ်ပြိုင်နက်တည်းမှာပင် Myanmar Info-Tech အဆောက်အအုံတွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်သွားမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေး ပွဲတွင် ကမ္ဘာ့အိုင်တီနည်းပညာများ ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် နောက်ဆုံးပေါ် အိုင်စီတီနည်းပညာများကို ပညာရှင်များက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြမည်ဖြစ်သည်။

ရည်ရွယ်

လူငယ်များအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်မည့် Programming & Web Development ပြိုင်ပွဲများကိုလည်း ပူးတွဲကျင်းပပေးသွားမည် ဖြစ်ပြီး အကောင်းဆုံးအနိုင်ရရှိသူများကို ထိုက်ထိုက်တန်တန် ဆုငွေချီးမြှင့်မည်ဖြစ်သည်။ မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆တွင် Programming & Web Development ပြိုင်ပွဲ ထည့်သွင်းရခြင်းမှာ လူငယ်များအတွက် အိုင်တီနည်းပညာ လူငယ်များအကြား ပြန့်ပွားပြီး စိတ်ဝင်စားမှု ကျယ်ပြန့်လာစေရန် ရည်ရွယ်ပြီး ပြိုင်ပွဲကျင်းပပေးနေခြင်းပင်ဖြစ်သည်။

ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆တွင် နိုင်ငံတကာတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသည့် အိုင်တီနည်းပညာသုံး နောက်ဆုံးပေါ် ပစ္စည်းများ၊ အင်တာနက် ချိတ်ဆက် ပစ္စည်းများ၊ ဆော့ဖ်ဝဲလ်များ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများနှင့် ဒီဂျစ်တယ် ကင်မရာသုံးပစ္စည်းများ ပြသထားမည်ဖြစ်သည်။

တွင်ကျယ်စွာ

အိုင်တီနည်းပညာသုံး ပစ္စည်းများ၏ စွမ်းရည်သည် အံ့ဖွယ်ကောင်းအောင် ဝန်ဆောင်မှုပေးနိုင်ရာ ရုံးသုံး၊ အိမ်သုံးနှင့် လုပ်ငန်းခွင်များတွင် အသုံးပြုရာ၌ လျင်မြန်ထိရောက်သော ဝန်ဆောင်မှုကို ပေးစွမ်းနိုင်ရာ ယနေ့နေရာဒေသတိုင်း အိမ်တိုင်းလိုလိုတွင် တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်သည်။

နိုင်ငံတော်၏လမ်းညွှန်မှုဖြင့် အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးက ဦးစီးပြီး မြန်မာသတင်းအချက်အလက်နှင့် နည်းပညာ ရက်သတ္တပတ် (Myanmar ICT Week)ကို ၂၀၀၂ခုနှစ်မှ စတင်ကာ နှစ်စဉ် ပြုလုပ်လျက်ရှိသည်။

ထိုသို့ မြန်မာသတင်းအချက်အလက်နှင့် နည်းပညာ ရက်သတ္တပတ်များပြုလုပ်လာနိုင်ခဲ့မှုကြောင့် တစ်နှစ်ထက်တစ်နှစ် အိုင်တီနည်းပညာဆိုင်ရာ ဗဟုသုတများ ပြည်သူများအကြား တိုးပွားပျံ့နှံ့လာလျက်ရှိပြီး အသုံးပြုမှုလည်း များပြားလာလျက်ရှိသည်။

ထို့ကြောင့် ယနေ့ ကာလတွင် လူတိုင်းအတွက် မသိမဖြစ် သိရှိရမည့်၊ မသုံးမဖြစ်သုံးစွဲရမည့် အိုင်တီ နည်းပညာများနှင့် အိုင်တီနည်းပညာ သုံးပစ္စည်းများကို တပ်မတော်ခန်းမ၌ ဧပြီ ၂၈ ရက်မှ ၃၀ ရက်အထိ ခင်းကျင်းပြသထားမည်ဖြစ်ရာ ပြည်သူများ စိတ်ဝင်စားစွာ သွားရောက်ကြည့်ရှုလေ့လာသင့်ပါကြောင်း သတင်းစကားအဖြစ် မိတ်ဆက် ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ်တွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အိုင်တီနည်းပညာသုံးပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးခဲ့စဉ်။
(ဓာတ်ပုံ-မြန်မာအင်ဖိုတက်)

ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်၂၀၀၆တွင် ပြသမည့် အင်တာနက် ချိတ်ဆက်အသုံးပြု ပစ္စည်းများကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပဉ္စမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်၂၀၀၆တွင် ပြသမည့် နောက်ဆုံးပေါ် အိုင်တီနည်းပညာသုံး အင်ထရာနက်ကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ-တင်စိုး
(မြန်မာ့အလင်း)



ရှင်းလင်းတင်ပြ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား တွံတေးတံတားတည်ဆောက်ရေးတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့စဉ်။
(ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

■ **ကျောဖုံးမှ**

များစွာအရေးပါ

တွံတေးတံတားကို တည်ဆောက်ရခြင်းမှာ လှိုင်သာယာမြို့နယ်မှတစ်ဆင့် ဘုရင့်နောင်တံတားကိုဖြတ်သန်းပြီး ရန်ကုန်မြို့သို့ရောက်ရှိရန်ဖြစ်သည်။ ရန်ကုန်နှင့် အချိန်မရွေး ဆက်သွယ်သွားလာနိုင်ခြင်းကြောင့် ကုန်စည်များ ပို့ဆောင်ဖလှယ်မှုတွင် များစွာ အရေးပါလာတော့မည် ဖြစ်သည်။ ထို့အပြင် တွံတေးမြို့နယ်နှင့် ဒလမြို့နယ် အနီးပတ်ဝန်းကျင်မှ ကျေးရွာများ၏ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လူမှုရေး၊ စီးပွားရေးနှင့် ဘာသာရေး၊ ပညာရေးကိစ္စများမှာလည်း ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာတော့မည်ဖြစ်သည်။

တွံတေးတံတားကို ရန်ကုန်တိုင်း တွံတေးမြို့နယ် ဒလ-တွံတေး ကားလမ်းပေါ်ရှိဘုရားငုတ္တိုကျေးရွာအနီးတွင် စီမံကိန်းစတင်သည့် ၂၄-၁၂-၂၀၀၃ ရက်၌ ပန္နက်တင်မင်္ဂလာ စတင်ခဲ့သည်။

သံမဏိကြိုးဆိုင်း

တံတားအမျိုးအစားမှာ ချဉ်းကပ်တံတားမှာ အောက်ထည်အပေါ်ထည်တွင် သံကူကွန်ကရစ်၊ ပင်မတံတားအောက်ထည်တွင် သံကူကွန်ကရစ်နှင့် အပေါ်ထည်တွင် သံမဏိကြိုးဆိုင်းများ အသုံးပြုထားသည်။

တံတား၏အရှည်မှာ ပင်မတံတား ပေ ၈၄၀၊ ချဉ်းကပ်တံတား ပေ၂၇၃၀ ဖြင့် စုစုပေါင်း ပေပေါင်း ၃၅၇၀ ရှည်သည်။ ယာဉ်သွားလမ်း အကျယ်မှာ ၂၈ပေရှိပြီး နှစ်လမ်းမောင်းနိုင်သည်။ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် လေးပေရှိပြီး ရေလမ်းကင်းလွတ် အမြင့်မှာ ၄၅ ပေရှိသည်။ တံတားပေါ်တွင် ဖြတ်သန်းတင်ဆောင်မှု ခွင့်ပြုသည့်အလေးချိန်မှာ တန် ၆၀ဖြစ်သည်။

၉၅ ရာခိုင်နှုန်းကျော်ပြီးစီး

လွန်ခဲ့သည့် ဧပြီ ၁၆ရက်အထိ တွံတေးတံတား၏ တည်ဆောက်ပြီးစီးမှုအခြေအနေမှာ ၉၅ ရာခိုင်နှုန်းကျော်ပြီ ဖြစ်သည်။

အချိန်နှင့်တစ်ပြေးညီ

ထို့အပြင် တွံတေးတံတားနှင့် ဆက်သွယ်ထားသည့် လှိုင်သာယာမြို့နယ်သို့သွားသည့် လမ်းကို ပြုပြင်တည်ဆောက်လျက်ရှိပြီး တံတားကြီးပြီးစီးမှုအချိန်နှင့် တစ်ပြေးညီ ပြီးစီးနိုင်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကြိုးပမ်းဆောင်ရွက်နေကြသည့် မြင်ကွင်းများမှာ အားရဖွယ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

"လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးရခြင်း၊ တိုးတက်မှုကွာဟရခြင်းတို့ကို မဖြစ်စေလိုသည့်အတွက် တံတားများကို တည်ဆောက်ရခြင်းဖြစ်ကြောင်း"

ကို မိန့်မှာလမ်းညွှန်ခဲ့သည်။

စေတနာပေါ်လွင်ထင်ရှား

သို့ဖြစ်၍ နိုင်ငံတော်က တံတားကြီးစာရင်းဝင် တံတားသစ်ကြီးပေါင်း ၂၁၄ စင်းကို နယ်မြေဒေသအနှံ့တွင် တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ ပြည်သူများဝင်ငွေတိုးအောင်၊ နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိအောင်၊ နိုင်ငံသားအားလုံး ပညာရည်အဆင့်အတန်း မြင့်မားအောင်၊ ကျန်းမာအသက်ရှည်ပြီး လူ့ဘဝသက်တမ်းစေ့နေနိုင်အောင်၊ ပြည်သူများ အေးချမ်းသာယာသည့် ဘဝလုံခြုံမှုရှိအောင် ဘက်စုံထောင့်စုံမှ စဉ်းစားကြံဆပြီး ဆောင်ရွက်နေသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်အစိုးရ၏ စေတနာမှာ အထူးဖော်ညွှန်းစရာမလိုဘဲ ပေါ်လွင်ထင်ရှားလျက် ရှိနေပါတော့သည်။ ။

(မြန်မာ့အလင်း)

၁၀ရက်စခန်း တရားပွဲ

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် မိုးကုတ်ဝိပဿနာနိဗ္ဗာန်ရွှေဂူတောရရိပ်သာ ပဓာနနာယက ဇေယျဝတီဆရာတော်ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ ဘီအေ)သည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါးတရားတော်များကို ဧပြီ၂၄ရက်မှ မေ၃ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ လည်းကောင်း၊ မေ ၁၀ရက်မှ ၁၆ရက်အထိ ဇေယျဝတီမြို့ ဓမ္မာရုံကျောင်း၌ လည်းကောင်း၊ မေ၂၁ရက်မှ ၃၀ရက်အထိ ကော့သောင်းမြို့ အေးမြကန်သာရပ် ဦးမောင်လှချောင် နှစ်မိုင် ခြောက်မြတ်ဗုဒ္ဓဒေသနာဝိမလကာရီ မိုးကုတ်ရိပ်သာ၌ လည်းကောင်း၊ ဇွန်၅ရက်မှ ၁၄ရက်အထိ အမှတ် ၈၂ နတ်မောက်လမ်း ဗဟန်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ချုပ်၌ လည်းကောင်း၊ ဇွန် ၁၈ရက်မှ ၂၄ရက်အထိ မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ် ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ လည်းကောင်း၊ ဇွန်၂၅ရက်မှ ဇူလိုင်၁ရက်အထိ သာစည်မြို့နယ် ရွှေလှံကျေးရွာ ရွှေလှံတိုက်ကျောင်း ဓမ္မရိပ်သာ၌ လည်းကောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

လူတစ်ဦးချင်း၊မိသားစုတစ်စုချင်း၏ပေါ့ဆမှုကြောင့် မီးလောင်မှုများဖြစ်ပွား၍ ပျက်စီးဆုံးရှုံး

အမြဲတမ်းသတိပြု၍ မီးဘေးကြိုတင်ကာကွယ်

ရန်ကုန် ဧပြီ ၂၀

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ရောက်ရှိနေပြီဖြစ်၍ မီးလောင်မှုကြောင့် ဆုံးရှုံးမှုများမဖြစ်ပွားစေရေးအတွက် မီးမပေါ့ဆရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ထားရှိရေးတို့ကို မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့က ပညာပေးဆော်သြခြင်း၊ နှိုးဆော်ခြင်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသော်လည်း ပေါ့ဆမှုကြောင့် ဒေသအချို့၌ မီးလောင်မှုများဖြစ်ပွားနေသည်ကို တွေ့ရှိရမည်။

ဧပြီ ၄ ရက် ည ၇ နာရီခန့်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ် ဝါးရောင်းကျေးရွာ၌ ဒေါ်သန်းလှိုင်နေအိမ် မီးဖို မီးကြွင်းမီးကျန်မှ စတင် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးလောင်မှုကြောင့် တဲအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးသွားသည်။

အလားတူ ဧပြီ ၅ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ရန်ကုန်တိုင်း ဥက္ကံမြို့နယ် မီးလောင်စခန်းကျေးရွာ ကမ်းမြောင်အုပ်စုနေ မဘူစံနီနေအိမ်၌ မီးဖို မီးကြွင်းမီးကျန်မှ စတင်မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုကြောင့် တဲအိမ်ကိုးလုံး၊ ပျဉ်ထောင်အိမ်နှစ်လုံး၊ စုစုပေါင်းအိမ် ၁၁လုံး မီးလောင်ဆုံးရှုံးသွားသည်။

ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးချိုရပ်ကွက်နေ ဦးကာခင်၏ ဆီဂိုထောင်၌ ဓာတ်ဆီဖြည့်စဉ် ဂေါက်ဖြင့် ဆီတိုင်ကီကို ရိုက်မိ၍ မီးပွားထွက်ရာမှ စတင်မီးလောင်မှုဖြစ်ပွားရာ ဆီဂိုထောင်တစ်လုံးနှင့် ဆီပီပါ အလုံး ၃၀ မီးလောင်ခံရပြီး ငွေကျပ် ၂၅၀၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

ဝါယာရှော့ဖြစ်

ဧပြီ ၆ ရက် ညနေ ၄ နာရီခွဲခန့်တွင် ပဲခူးတိုင်း (အနောက်) ပြည်မြို့ ကျောင်းကြီး အိုးတန်းရပ်ကွက်နေ ဦးစောမြသိန်း နေအိမ်၌ ဝိုင်ယာရှော့ဖြစ်ရာမှစတင်၍ မီးလောင်မှုဖြစ်ပွားရာ ပရိဘောဂနှင့် အတွင်းပစ္စည်း အနည်းငယ် မီးလောင်ခံရပြီး ငွေကျပ် ၃၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

ဧပြီ ၆ ရက် ညနေ ၅ နာရီခန့်တွင် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနေ ဦးသက်ကြီး၏ စိန်ပွင့်အရက်စက်ရုံ၌ မီးစက်နိုးထားရာမှ ဝိုင်ယာရှော့ဖြစ်ပြီး မီးစတင် လောင်ကျွမ်းရာ အဆောက်အအုံတစ်လုံးနှင့် အရက်ဆီ တစ်ပီပါ မီးလောင်ခံရပြီး ငွေကျပ် ၂၀၀၀၀၀ခန့် ဆုံးရှုံးသွားသည်။

ဧပြီ ၁၂ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အမှတ်(၉)ရပ်ကွက်နေ ဦးမြင့်သိန်းနေအိမ်တွင် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ရာမှ မီးစတင်လောင်ကျွမ်းရာ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင်ခံရကာ ငွေကျပ် ၁၀၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

ဧပြီ ၁၃ ရက် ည ၉ နာရီခန့်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အောင်သပြေရပ်ကွက် အိမ်အမှတ် ၃/၂၆၂ နေ ဒေါ်လုထောင်(ခ)ဒေါ်နန်းမရော်နေအိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှ စတင်မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင် ၅၀ သွားရောက်ငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် အိမ် ငါးလုံး မီးလောင်ခံရကာ ငွေကျပ် ၂၅၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

ဧပြီ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာနေ တောင်သူ ဦးဌေးအောင်၏ နေအိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှ စတင်မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦး သွားရောက်ငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် အိမ် ၁၅ လုံး မီးလောင်ခံရကာ ငွေကျပ် ၂၁၅၂၀၀၀ ခန့် ဆုံးရှုံးသွားသည်။

ဘွိုင်လာမီး

ဧပြီ ၁၆ ရက် နံနက် ၁ နာရီခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အောင်နန်းရပ်ကွက် နယ်မြေ(၄)ရှိ ကိုအောင်နိုင်ဦးပိုင် လပ်ကီးစတားစားသောက်ဆိုင်၌ ဘွိုင်လာမီးဖိုမှ စတင်မီးလောင်မှုဖြစ်ပွားရာ မီးသတင်းရသည်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၄၆ ဦး သွားရောက်ငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုကြောင့် လက်ဘက်ရည်ဆိုင်နှင့် ကုန်မျိုးစုံဆိုင်လေးဆိုင် မီးလောင်ခံရပြီး ငွေကျပ် ၂၇၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

ဧပြီ ၁၇ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် ၆ မိုင်ခွဲ ပြည်လမ်းမပေါ် ၌ ပိုင်ရှင် ဦးမျိုးမင်းဦး၏ကား (၇က/ ၈၃၆၃) ဘောက်စဝွန်း(အဖြူရောင်) မောင်းလာစဉ် ဝိုင်ယာရှော့ဖြစ်၍ မီးစတင်လောင်ရာ မီးလောင်မှုကြောင့် လေကာမှန်နှင့် ထိုင်ခုံများ မီးလောင်ခံရပြီး ငွေကျပ် ၁၀၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

ဧပြီ ၁၉ ရက် နံနက်ကူး ၁၂ နာရီခွဲတွင် တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁၂)ရပ်ကွက် ပလောင်စုတန်ဖျားရပ်နေ ဒေါ်နှင်းထွေးနေအိမ်၌ ဖယောင်းတိုင် မီးထွန်းထားရာမှ လဲကျ၍ အနီးရှိ အဝတ်ပုံသို့ မီးကူးစက် လောင်ကျွမ်းရာ မီးသတ်တပ်ဖွဲ့ဝင် ၆၀ အချိန်မီသွားရောက် ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံးနှင့် တစ်ခြမ်း မီးလောင်ခံရကာ ငွေကျပ် ၁၅၀၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

စုပေါင်းငြိမ်းသတ်

ဧပြီ ၁၉ ရက် နံနက် ၁၁ နာရီခန့်တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် (၁ဘီ/၁၄)ရပ်ကွက် မော်ရှန်းရွာ ဒေါ်ခန်းအောင်၏နေအိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှ စတင်မီးလောင်ကျွမ်းရာ မီးသတ်တပ်ဖွဲ့ဝင် ၅၀ စုပေါင်း သွားရောက်ငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်သုံးလုံး မီးလောင်ခံရပြီး ငွေကျပ် ၃၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

လူတစ်ဦးချင်း၊မိသားစုတစ်စုချင်း၏ ပေါ့ဆမှုကြောင့် မီးလောင်မှု ဖြစ်ပွားရာတွင် မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှု၊ ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ရပ်များ မဖြစ်ပွားစေရေးအတွက် လူတိုင်း မိသားစုတိုင်းက **"ကြိုတင်ကာကွယ်တားဆီး အန္တရာယ်မီး"၊ "စုပေါင်းကာကွယ် မီးအန္တရာယ်"၊ "မီးဘေးရှောင် မလောင်ခင်တား"၊ "သင့်ကြောင့် မီးမလောင်ပါစေနှင့်"** ဟူသော ဆောင်ပုဒ်များနှင့်အညီ မီးပေါ့ဆမှုမရှိစေရန်အမြဲသတိပြု၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ကြရန် မီးသတ်ဦးစီးဌာနက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သိမ်ဆင်းလောင်းလှူ

ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်)က ကြီးမှူး၍ ဆဋ္ဌမအကြိမ် ဒုလ္လဘ ရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်ပွဲကို ဧပြီ ၁၃ ရက်က အင်းစိန် တောင်သူကုန်းရပ်ကွက် ဝါခင်းတောင်ကျောင်းတိုက်၌ ကျင်းပရာ ကျောင်းတိုက်ပဓာန နာယကရပ်ကွက် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တစန္ဒောဘာသ၊ စာချဆရာတော် ဘဒ္ဒန္တခေမာစာရနှင့် သံဃာတော်များ ဒုလ္လဘရဟန်းများကို အလှူရှင်များက သိမ်ဆင်းလောင်းလှူကြစဉ်။ (၀၄၆)

နွေရာသီမျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်သင်တန်း အပတ်စဉ်(၂) ဧပြီ၂၄ရက်တွင်ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၀

ဟန်ဂေါက်မာစတာ(စ်) အကယ်ဒမီ ဂေါက်သီးရိုက်လေ့ကျင့်ရေး သင်တန်းကျောင်းတွင် နွေရာသီ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက် သင်တန်း အပတ်စဉ်(၂)ကို ၂၀၀၆ ခုနှစ် ဧပြီ ၂၄ ရက်မှ စတင်၍ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း ကျောက်ရေတွင်းလမ်း မရမ်းကုန်းမြို့နယ်၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်ကြားမည်

အဆိုပါ နွေရာသီမျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်သင်တန်းတွင် အခြေခံ ဂေါက်သီးရိုက်သင်တန်း (အားလပ်ရက် ငါးပတ်)၊ အခြေခံ ဂေါက်သီးရိုက်သင်တန်း (ရုံးဖွင့်ရက် လေးပတ်)၊ အခြေခံမွမ်းမံဂေါက်သီးရိုက်သင်တန်း လေးပတ်၊ ကွင်းပတ် ဂေါက်သီးရိုက်သင်တန်း လေးပတ်၊ အဆင့်မြင့် ချန်ပီယံဂေါက်သီးရိုက်သင်တန်းလေးပတ်တို့ကို သင်ကြားပေးမည်ဖြစ်သည်။

မေးမြန်းစုံစမ်းနိုင်

ယင်းသင်တန်းများအနက် သင်တန်းတစ်ခုလျှင် သင်တန်းသား အများဆုံး ၁၂ ဦးသာ လက်ခံသင်ကြားပေးမည်ဖြစ်၍ ဦးရာစနစ်ဖြင့် လက်ခံမည်ဖြစ်ပြီး သင်တန်းတွင် ဘောလုံး၊ တုတ်နှင့် ဂေါက်သီးရိုက်ကိရိယာပစ္စည်းများလည်း စီစဉ်ပေးမည်ဖြစ်ရာ သင်တန်းများသို့ တက်ရောက်လိုသော မျိုးဆက်သစ် လူငယ်မောင်မယ်များသည် ၂၀၀၆ ခုနှစ် ဧပြီ ၂၃ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်အမည်စာရင်းပေးသွင်းနိုင်သည့်အပြင် သင်တန်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်း-၀၁-၇၀၆၇၈၈ သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသက်(၁၃)နှစ်အောက် ပြည်နယ်/တိုင်း ဘောလုံးပြိုင်ပွဲ ချင်းပြည်နယ်က ရှမ်းပြည်နယ်(တောင်ပိုင်း)ကို အနိုင်ရရှိ

ရန်ကုန် ဧပြီ ၂၀

(၉)ကြိမ်မြောက် အသက်(၁၃)နှစ်အောက် ပြည်နယ်နှင့်တိုင်း လူငယ်ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုအမှတ်ပေးပွဲစဉ်များကိုယနေ့ညနေပိုင်းက အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းတို့၌ ဆက်လက်ကျင်းပသည်။

အနိုင်ရ

အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပထမပွဲစဉ်အဖြစ် ချင်းပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းတို့ ယှဉ်ပြိုင်ကစားရာ ချင်းပြည်နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ချင်းပြည်နယ်အသင်းမှ ကျောနံပါတ် ၁၃ ကျော်စိန်ကီးက ရရှိသည်။

ယနေ့ပွဲ

ဧပြီ ၂၁ ရက် **(ယနေ့)** ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပထမပွဲစဉ်အဖြစ် ကယားပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းအသင်း၊ ဒုတိယပွဲစဉ်အဖြစ် မကွေးတိုင်းအသင်းနှင့် စစ်ကိုင်းတိုင်းအသင်း၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ရန်ကုန်တိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အင်အားပြင်း ငလျင်လှုပ်

ရန်ကုန် ဧပြီ ၂၀

ယနေ့ မြန်မာစံတော်ချိန် ၀၃ နာရီ ၁၀ မိနစ် ၀၄ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၈၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းမြောက်ပိုင်း အနောက်ဘက် ကမ်းရိုးတန်းပင်လယ်ပြင်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းထန်သည့် မြေငလျင်တစ်ခု လှုပ်သွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါ ဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း (မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Throat Tablets	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။	တရုတ်စာသားများ ဖော်ပြထားပါသည်။
၂။	Chloramphenicol 250 mg Capsules	Exported by Shang-hai Medicines & Health Products	China
၃။	Aerosolum 14 g Aerosol (Salbutamol 28 mg)	Hong Kong Medicines & Health Products	China
၄။	Oxypad Tablet (Diclofenac Sodium IP 50 mg, Paracetamol IP 500 mg, Magnesium Trisilicate IP 100 mg)	Supermax Laboratories	India
၅။	Nifedipine Tablet 10 mg	Linfen Pharmaceutical Factory Shanxi China	China

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

အကြမ်းဖက်အဖျက်သမားများ၏လုပ်ရပ်ကြောင့် ရန်ကုန်မြို့၌ ပေါက်ကွဲမှုအချို့ဖြစ်ပွား၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အုတ်နံရံနှင့် ပြတင်းပေါက်မှန်များသာပျက်စီးခဲ့

ရန်ကုန် ဧပြီ ၂၀

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် ရပ်ရွာအေးချမ်းသာယာမှုပျက်ပြားစေရန်၊ ပြည်သူများ ထိခိုက်ဆုံးရှုံးစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲဖျက်ဆီးမှုများကို ကျူးလွန်လုပ်ဆောင်လျက်ရှိရာ ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်၌ လေးနေရာနှင့် ဒဂုံမြို့နယ်၌ တစ်နေရာတို့တွင်လည်းကောင်း၊ လမ်းမတော်မြို့နယ်တွင် စည်ပင်သာယာဝန်ထမ်း အမှိုက်သိမ်းဆည်းစဉ်၌လည်းကောင်း ပေါက်ကွဲမှုအသေးစားများဖြစ်ပွားခဲ့သည်။

အနည်းငယ်ပျက်စီး

ယင်းပေါက်ကွဲမှုများကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အဆောက်အအုံအချို့၏ အုတ်နံရံနှင့် ပြတင်းပေါက်မှန်များသာ အနည်းငယ်ပျက်စီးသွားခဲ့သည်။

အဆိုပါ ဖောက်ခွဲဖျက်ဆီးသူ အကြမ်းဖက်အဖျက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ပြည်သူလူထုနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

‘သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား’ ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍- ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက်တရားနာ ကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တံခွန်တိုင်တမာတန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့	၁၃၆၈ခု၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက် သောကြာနေ့ (၂၁-၄-၂၀၀၆)
အရှင်ဇဝန(မေတ္တာရှင်၊ ရွှေပြည်သာ) မန္တလေးကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်	၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော် ၁၀ ရက် စနေနေ့ (၂၂-၄-၂၀၀၆)
ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)	၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော် ၁၁ ရက် တနင်္ဂနွေနေ့ (၂၃-၄-၂၀၀၆)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ
၂၀၀၆ခုနှစ် ဧပြီလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ်
ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊
ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊
ကြည့်မြင်တိုင်မြို့နယ်

ကျင်းပမည့်အချိန်

ညစဉ် ၇း၀၀ နာရီ

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ ချယ်လ်ဆီးတို့ လီဗာပူးကို ကျော်နိုင်မည်လား

လန်ဒန် ဧပြီ ၂၀

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ကစားတော့မည်ဖြစ်ရာ လာမည့်ဧပြီ ၂၂ရက်တွင် ချယ်လ်ဆီးနှင့် လီဗာပူး၊ ဧပြီ၂၃ရက်၌ မစ်ဒယ်ဘရော့နှင့်ဝက်စ်ဟမ်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။ စိတ်ဝင်စားစရာ အကောင်းဆုံးမှာ အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲစဉ်ဖြစ်သည့် ချယ်လ်ဆီးနှင့် လီဗာပူးတို့ပွဲပင်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် လက်ရှိအချိန်၌ ဖလားတစ်လုံးမျှ လက်ဝယ်မရရှိသေးသော်လည်း ပရီမီယာလိဂ်ဖလားရရှိရန် သေချာလုနီးပါးဖြစ်နေသည်။ ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်မှ ထွက်ခဲ့ရပြီးနောက် ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလား ရရှိရေးအပေါ် အာရုံစိုက်ထားပြီဖြစ်ရာ ယခုနှစ်ဖလား နှစ်လုံးရရှိရေး ရည်မှန်းပြီး အစွမ်းကုန်ကစားတော့မည်ဖြစ်သည်။

ပါဝင်

ချယ်လ်ဆီးအသင်းသည်အက်ဖ်အေဖလား ကွာတားဖိုင်နယ်တွင် နယူးကာဆယ်နှင့် ကစားခဲ့စဉ်က တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့ရာ၌ ၎င်းဂိုးကိုချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းတွင် ရှေ့တန်းတိုက်စစ်မှူးများ ဂိုးသွင်းစွမ်းရည်မြင့်မားသလိုကွင်းလယ်ကစားသမားများကလည်း အခွင့်အရေးရသည်နှင့် ဂိုးသွင်းနိုင်ကြသည်။ ယခုနှစ် ဘောလုံးရာသီတွင် အင်္ဂလန်၌ ဂိုးအများဆုံး သွင်းထားသူများ၌ ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ် ပါဝင်နေသည်။

ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလားပွဲစဉ်များ၌ အိမ်ကွင်းရှုံးပွဲလုံးဝမရှိသေးသော ချယ်လ်ဆီးအသင်းသည် ယခုကြားကွင်းတွင် ကစားရမည့် အက်ဖ်အေ အကြိုဗိုလ်လုပွဲစဉ်၌ အနိုင်ရရှိရေးကိုအစွမ်းကုန်ပြင်ဆင်ထားသည်။ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ၊ ခရက်စ်ပို၊ ရိုက်ဖီးလစ်၊ ဂျိုကိုးလ်တို့သည် ဘောလုံးဆွဲယူကန်သွင်းရာတွင် မှန်ကန်တိကျသူများဖြစ်သလို တွန်းတွန်းတိုက်တိုက်လည်း ကစားနိုင်ကြသည်။

ချယ်လ်ဆီးအနေဖြင့် ယခုအချိန်တွင်အကောင်းဆုံးတိုက်စစ်၊ အကောင်းဆုံး ကွင်းလယ်ဖန်တီးရှင်များနှင့် တောင့်တင်းသော နောက်တန်းတို့ကို ပိုင်ဆိုင်ထားရာ တစ်သင်းလုံးအနေဖြင့် ကြည့်လျှင် လီဗာပူးထက်သာလွန်နေသည်။ သို့သော်ချယ်လ်ဆီး၏အားနည်းချက်မှာ တစ်ဟုန်ထိုး တိုက်စစ်ဆင်ပြီး အဝင်အထွက် ရဲရဲဖြင့် ကစားတတ်သည့်အသင်းများနှင့်ကြုံလျှင် ကစားကွက်ပျက်သွားတတ်ပြီး နောက်တန်းအားနည်းချက်များ ဖြစ်ပေါ်တတ်ရာ သတိထားကစားရမည်ဖြစ်သည်။

အိတ်သွန်ဖာမှောက်

လီဗာပူးအသင်းမှာ ချန်ပီယံလိဂ်ဖလားကိုလက်လွှတ်ခဲ့ရပြီဖြစ်သလို ပရီမီယာလိဂ်ဖလားကိုလည်း မည်သို့မျှ မမျှော်လင့်နိုင်တော့သည့်အနေအထားရှိနေသည်။ မျှော်လင့်စရာ ရောင်ခြည်မှာ ယခု အက်ဖ်အေဖလားပင် ဖြစ်သည်။ ချယ်လ်ဆီးကို စနစ်တကျပြင်ဆင်ပြီး အနိုင်ကစားခဲ့ပါက အက်ဖ်အေဖလား ရရှိနိုင်မည်ဖြစ်ရာ ယင်းအခွင့်အရေးအတွက် လီဗာပူးတို့ အိတ်သွန်ဖာမှောက် ကစားတော့မည်ဖြစ်သည်။

လီဗာပူး၏ခြေစွမ်းမှာ ခြေတွေ့လျှင်အသင်းကြီးများပင် ရှုံးပွဲကြုံသွားအောင် မမျှော်လင့်သော ရလဒ်များ ဖန်တီးပြနိုင်ရာ ယခုအက်ဖ်အေဖလား ကွာတားဖိုင်နယ်၌ ဘာမင်ဂမ်ကွင်း၌ အိမ်ရှင်ကို ခုနစ်ဂိုး-ဂိုးမရှိသွင်းခဲ့သည့် ခြေစွမ်းကလည်းရှိနေသည်။ လီဗာပူးတွင် ဂျရတ်၊ဆစ်စီ၊ဟစ်ပီယာ၊ ခရော့ချ်၊ မိုရီယန်တက်စ်တို့က ကြုံသလို ဂိုးသွင်းနိုင်ကြသလို ပြိုင်ပွဲရလဒ်ကိုလည်း ပြောင်းလဲနိုင်ကြသူများဖြစ်သည်။

စောင့်ကြည့်

သို့သော် လီဗာပူး၏ အားနည်းချက်မှာ အသင်းကြီးများနှင့် ကြုံတိုင်း အမှားအယွင်းများဖြစ်တတ်ရာ လီဗာပူးနောက်တန်းနှင့် ဂိုးသမားတို့သတိထားကစားမှ တော်ကာကျမည်ဖြစ်သည်။ အက်ဖ်အေဖလားအတွက် ချယ်လ်ဆီးကိုကျော်လျှင် ဖလားရရှိနိုင်မည်ဖြစ်ရာ လီဗာပူးတို့ ဗျူဟာပြောင်းကစားပြီး နိုင်ပွဲရနိုင် မရနိုင်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲစဉ်အဖြစ် မစ်ဒယ်ဘရော့နှင့် ဝက်စ်ဟမ်းတို့ ဧပြီ ၂၃ရက်တွင် ကစားကြမည်ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် မန်စီးတီးအသင်းကို ကွာတားဖိုင်နယ်ပွဲစဉ်၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့သလို မစ်ဒယ်ဘရော့ကလည်း ချာလ်တန်အသင်းကို ချာလ်တန်ကွင်း၌ ဂိုးမရှိသရေကျခဲ့ပြီး အဝေးကွင်းရလဒ်အရ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ အသင်းလိုက်ကစားရာတွင် မစ်ဒယ်ဘရော့တို့သာလွန်ပြီး ဝက်စ်ဟမ်းတို့ကတိုက်စစ်အားနှင့် ဂိုးသွင်းအားပိုကောင်းသည်။

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းမှ အဓိကတိုက်စစ်မှူးအဖြစ် ပါဝင်ကစားမည့် ဒရော့ဘာ။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲပထမအကျော့ ဟိုက်ဘူရီ၌ အာဆင်နယ်တို့ တစ်ဂိုးအသာဖြင့်နိုင်

လန်ဒန် ဧပြီ ၂၀

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် အာဆင်နယ်နှင့် ဗီလာရီးရဲလ်တို့ ဧပြီ ၁၉ ရက်က အာဆင်နယ်ကွင်း ဟိုက်ဘူရီ၌ ယှဉ်ပြိုင်ကစားရာ အာဆင်နယ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်ရောက်ရန် အခြေအနေကောင်းသွားသည်။

အာဆင်နယ်အသင်း မိမိကွင်း၌ အနိုင်ရယူနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားခဲ့သည့်အတိုင်း အွန်နရီ၊ ပီရက်စ်၊ ယွန်းဘတ်၊ အလက်ဇန္ဒာလက်ဘ်၊ ဖလာမီနီ၊ ဖာဘရီဂတ်စ်၊ ဂီလ်ဘာတို ဆေးလ်ဗာ၊ ကိုလိုတိုရေး၊ ဆန်ဒရို့စ်၊ အီဘူးနှင့် ဂိုးသမားအဖြစ် လေမန်းတို့ကို ပွဲထုတ်ကစားခဲ့သည်။

ကြိုးစားကာကွယ်

အာဆင်နယ်တို့ ပွဲအစမှာပင် အနိုင်ရရှိရေးကြိုးစားကစားရာ ဗီလာရီးရဲလ်နောက်တန်းကို ထိုးဖောက်ကစားနိုင်သော်လည်း အပိုင်ဂိုးသွင်းခွင့်မရှိခဲ့ချေ။ ဗီလာရီးရဲလ်တို့ကလည်း မနားတမ်း တိုက်စစ်ဆင်ကစားခဲ့မှုကြောင့် အာဆင်နယ်နောက်တန်းနှင့် ဂိုးသမားတို့ ကြိုးစားကာကွယ်ခဲ့ရသည်။

သက်သာခဲ့

အာဆင်နယ်အတွက် အနိုင်ဂိုးကို အာဆင်နယ်မှ ကိုလိုတိုရေးက သွင်းယူပေးခဲ့ပြီး ပထမပိုင်းတွင် အာဆင်နယ်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။ သို့သော် ဗီလာရီးရဲလ်မှ ရီကွယ်မီး၏ ၂၅ကိုက်အကွာမှ အပြင်းကန်သွင်းချက်ကို အာဆင်နယ်ဂိုးသမား လေမန်းကာကွယ်နိုင်ခဲ့၍ သက်သာခဲ့ရခြင်းဖြစ်သည်။

ရှုံးနိမ့်

မန်ယူတိုက်စစ်မှူးဟောင်း ဒီဂိုဖော်လန် ဦးဆောင်သည့် ဗီလာရီးရဲလ်တိုက်စစ်သည် အာဆင်နယ်နောက်တန်းကို ထိုးဖောက်ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့် အခွင့်အရေးများ ရရှိခဲ့သော်လည်း ဂိုးအဖြစ်မဖန်တီးနိုင်ခဲ့၍ တစ်ဂိုးတည်းနှင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

အာဆင်နယ်အသင်းက လက်ဘ်အစား ဘားကမ့်၊ ယွန်းဘတ် အစား ဗန်ပါစီတို့ဝင်ရောက်ကစားခဲ့သလို ဗီလာရီးရဲလ်ကလည်း ဆိုရင်အစား ဂျိုစီကို၊ ဖော်လန်အစား ကာလီဂျာ၊ ဂျို့မာရီအစား ဖရန်ကိုတို့ ဝင်ရောက်ကစားခဲ့သော်လည်း ရလဒ်မပြောင်းလဲနိုင်ဘဲ တစ်ဂိုး-ဂိုးမရှိဖြင့်သာ ပွဲသိမ်းခဲ့ရခြင်းဖြစ်သည်။ ။

(အင်တာနက်)

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် အာဆင်နယ်နှင့် ဗီလာရီးရဲလ်တို့ပွဲတွင် ဗီလာရီးရဲလ်မှ ဂျို့မာရီ (ဝဲ) ကန်သွင်းမှုကို အာဆင်နယ်မှ ကိုလိုတိုရေး ဟန့်တားရန်ကြိုးစားခဲ့စဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဝက်စ်ဟမ်းတိုက်စစ်မှူး အက်ရှ်တန်မှာ ဂိုးသွင်းခြေ ထက်မြက်သည်ဖြစ်ရာ အသင်းလိုက် ကစားအားကောင်းသော မစ်ဒယ်ဘရော့ကို ဝက်စ်ဟမ်းတို့ မည်သို့ဖြတ်ကျော်မည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ။ **(အင်တာနက်)**

မန္တလေးနန်းမြေဘုံသာ စံနန်းတော်ရာစန္ဒာမုနိဘုရား မုခ်ဦးနှင့် ကျောက်စာတိုင်ပြီးစီးမှု မြို့တော်ဝန်ကြည့်ရှု

မန္တလေး မတ် ၃၁

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၈ရက် နံနက် ၈နာရီက မန္တလေးတောင်ခြေ နန်းမြေဘုံသာ စံနန်းတော်ရာ စန္ဒာမုနိဘုရား အဝင်မုခ်ဦးတည်ဆောက်ပြီးစီးမှု လုပ်ငန်းနှင့် စန္ဒာမုနိဘုရား မော်ကွန်း ကမ္ပည်းကျောက်စာ စိုက်ထူပြီးစီးမှု လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ(ဝဲပုံ) အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူးဦးသန်းလွင်က ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် စန္ဒာမုနိဘုရားဝန်းကျင်နှင့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် မြို့တော်ဝန်သည် ပြည်ကြီး တံခွန်မြို့နယ်၊ စံပြစက်မှုမြို့သစ်ရှိ တော်ဝင်စက်မှုလက်မှုကုမ္ပဏီလီမိတက်စက်ရုံသို့ သွားရောက်ပြီး စက်ရုံ၏ လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုများကို ကြည့်ရှုပြီး မြို့တော်ဝန်အား တော်ဝင်စက်မှုလက်မှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က စက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့တော်ဝန်သည် ချမ်းမြသာစည်မြို့နယ် မြို့သစ်ရှိ လမ်းများ ဖောက်လုပ်ထားရှိမှုနှင့် လမ်းအရှည်အသွေးတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ကျိုင်းတုံမြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဌာနဆိုင်ရာများ ပူးပေါင်း၍ မတ် ၁၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေးကြပ်မတ်ကြစဉ်။
(မြို့နယ်စည်ပင်)

ထန်းတပင်မြို့ ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်၊ ရည်ရွယ်ချက်ရှင်းလင်း

တောင်ငူ ဧပြီ ၇

တောင်ငူခရိုင် ထန်းတပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁ရက် နံနက်ပိုင်းက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းလုံက ငွေလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဆေးပဒေသာပင်အတွက် လှူဒါန်းငွေကျပ် နှစ်သိန်းကို မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြတ်ခိုင်သို့ ပေးအပ်လှူဒါန်းရာ **(အောက်ပုံ)** ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ **(၃၀၃)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ကုန်–မန္တလေးလမ်းမကြီး ဘေးဝဲယာတစ်လျှောက်တွင် မြေချစိုက်ပျိုးမည့် ပန်းအလှပင်များပြုပြင်ဆောင်ရွက်မှုကို မတ် ၂၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲ ကော့သောင်း၌ ကျင်းပ

ကော့သောင်း ဧပြီ ၆

ကော့သောင်းခရိုင်နှင့် မြို့နယ်အဆင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသား အသင်းသူများ၊ မီးသတ်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူမျိုးစေ့ထည့်သွင်းစိုက်ပျိုးပွဲအခမ်းအနားကို မတ် ၁၄ ရက်က အေးမြကန်သာရပ်ကွက် ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းပျိုးခင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များက စုပေါင်းအားပေးကြည့်ရှုကြပြီး ခြံစည်းရိုးကြက်ဆူမျိုးစေ့ ၆၀၀၀၀ တပျော်တပါး စုပေါင်းပျိုးထောင်စိုက်ပျိုးပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရမည်းသင်းမြို့၌ အလယ်လမ်းကတ္တရာလမ်းသစ်ဖွင့်

ရမည်းသင်း ဧပြီ ၅

ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်ခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် ရမည်းသင်းမြို့ ဝါဘိုးရပ်ကွက် အလယ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ရက် နံနက် ၈ နာရီခွဲက အဆိုပါလမ်းထိပ် မုခ်ဦးတွင် ကျင်းပသည်။

အထိမ်းအမှတ်

ရှေးဦးစွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းဝင်းက လမ်းပိုင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက အထိမ်းအမှတ် အလံများကို ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမြင့်အောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌသို့ ပေးအပ်သည်။

ထို့နောက် ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမြင့်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းဝင်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်အတွင်းရေးမှူးနှင့် ဖိတ်ကြားထားသူများသည် လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(က–ပ)**

မကွေးတိုင်း စလင်းမြို့နယ် မောင်ကော့ကန်ကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ စက်ရေတွင်းအင်ဂျင်စက်တွင် ကြက်ဆူဆီ ဇီဝလောင်စာဆီဖြင့် မောင်းနှင်မှုနှင့် ကျေးလက်ပြည်သူတို့ သောက်သုံးရေခပ်ယူသုံးစွဲမှုကို မတ်၂၃ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ဆံတော်ရှင်ကျိုက်သုတ်စေတီ အဂ်ါဝတ်အသင်းအတွင်း စံပယ်တော်မူလျက် ရှိသော ရုပ်ပွားတော်ကြီး ရွှေသင်္ကန်း ကပ်လှူရန်အတွက် မတ်၂၁ရက်က မော်လမြိုင်မြို့ ညောင်ဝိုင်းရပ် အမှတ်(၃)သင်္ဂဟလမ်းနေ ဦးရန် ရှင်း–ဒေါ်အေးအေးသန်းမိသားစုက ငွေကျပ် ၅၃၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်က လက်ခံယူစဉ်။ (၁၆၈)

မီးဘေးကာကွယ်ရေးအချိန်အဟုန်မြှင့် လားရှိုးမြို့၌ မီးသတ်ရေကန်၊ ရေတွင်းများ ကြည့်ရှုစစ်ဆေး

လားရှိုး မတ် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ မီးသတ်ဦးစီးဌာနက နွေရာသီမီးဘေး ကြိုတင်ကာကွယ်ရေးအတွက် လားရှိုးမြို့ပေါ်ရှိ ၁၂ရပ်ကွက် မီးဘေးကြိုတင် ကာကွယ်ရေးများ ဆောင်ရွက်ထားမှုကို ကွင်းဆင်းစစ်ဆေးလျက်ရှိရာ မတ် ၅ရက်က အောင်သီတာရပ်ကွက်(၈)ကို မီးသတ်ဦးစီးဌာနမှ ပြည်နယ်ဦးစီးအရာရှိဦးလှမြင့်နှင့်မီးသတ်စခန်းမှူးဦးကျော်စိုးသန်းတို့က ရပ်ကွက်အလိုက် မီးသတ်တပ်ခွဲမှူး၊ တပ်စုမှူးများဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့ပေါ်ရပ်ကွက် ၁၂ရပ်ကွက်ရှိ မီးသတ်ယာဉ်များ တောင့်တင်းခိုင်မာရေး၊ စခန်းဝန်းကျင် သန့်ရှင်းသာယာလှပမှုများကိုစစ်ဆေးပြီးရပ်ကွက်အတွင်းရှိ အရေးပေါ် မီးသတ်ရေကန်၊ ရေငုပ်များ ရေရရှိမှု၊ အရေးပေါ် မီးသတ်ယာဉ်ဝင်ထွက်သွားလာနိုင်မှု၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးထားရှိမှု အခြေအနေများကို တပ်ဖွဲ့ဝင်များဖြင့် တစ်အိမ်တက်ဆင်း စစ်ဆေး၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုအရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် မှာကြားသည်။ **(၃၅၉)**

အထူးဖိတ်ကြားခြင်း

အလန်းဆရာကြီးနှင့် ဆရာငြိမ်းတို့ထံမှ ပညာ၊ လမ်းညွှန်မှုသြဝါဒခံယူထားခဲ့ကြပါကုန်သော အနယ်နယ်အရပ်ရပ်ရှိ ပညာညီ/အစ်ကို၊ အစ်မ၊ ညီမအားလုံးတို့ခင်ဗျား---

ကျေးဇူးရှင်ဆရာများ၏ သာသနာပြုခဲ့ပါသော ရွှေတောင်မြို့ ထန်းလုံးချောင်းကျေးရွာရှိ သမိဒ္ဓါရာမကျောင်း ပရဝဏ်တွင် ယခုလာမည့်ကဆုန်လဆန်း ၁၂ ရက်မှ လပြည့်နေ့အထိ မဟာပဋ္ဌာန်းပူဇော်ခြင်း၊ ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ဗုဒ္ဓဩောင်ရေသွန်းလှူခြင်း၊ ဓိဝိတဒါနပြုခြင်း၊ ဆရာကန်တော့ပွဲနှင့် အပြစ်ချေပခြင်း အစီအစဉ်များကို ပူဇော်ကျင်းပမည် ဖြစ်ပါသောကြောင့် ကောင်းမှုအကျိုး ရည်မျှော်၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

လမ်းညွှန် – ရွှေတောင်(စစ်မှုထမ်းဟောင်း)ဂိတ်မှ ဆရာမိုး(ဦးလှမြိုင်) ဘုရားကြီးလမ်းနေအိမ်၊ ၎င်းမှ ကြိုပို့/လမ်းညွှန်အစီအစဉ် ရှိပါသည်။



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဉပဒေ အမိန့်–၅၊ နည်းဥပဒေ–၁ နှင့် ၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌
၂၀၀၆ ခုနှစ် တရားမကြီးမှု အမှတ်–၇၁

၁။ ဒေါ်သန်းသန်း	**နှင့်**	၁။ ဦးသာအောင်
၂။ ဒေါ်သင်းသီတာခိုင်		၂။ ဒေါ်လှရီ
တရားလို		**တရားခံ**

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ ဗိုလ်ချုပ်ကွေ့၊ အောင်ဇေယျ (၁၁)လမ်း၊ အမှတ် ၁၀/ခ နေ ဦးသာအောင်နှင့် ဒေါ်လှရီ (ယခု နေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုများက မြေနှင့်အိမ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ် ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၆ ခုနှစ်ဧပြီလ ၂၈ရက် (၁၃၆၈ခုနှစ် ကဆုန်လဆန်း ၂ ရက်)နေ့ မွန်းမတည့်မီ ၁၀း၀၀ နာရီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ ခုနှစ် ဧပြီလ ၁၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြူကြူ
ဒုတိယခရိုင်တရားသူကြီး(၇)၊ အရှေ့ပိုင်းခရိုင်တရားရုံး။



စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၀၄) နေ
(ဦးသောင်းညွှန့်– ဒေါ်အုန်းကြည်) တို့၏သား၊
ဒေါ်ညွှန့်ညွှန့်ကြည်(လယ်ယာနှင့်ဆည်မြောင်းဦးစီးဌာန)၏ မောင်၊
ဦးတင်ဝင်းအောင်–ဒေါ်နီနီမြင့်(ဗဟိုတရားရုံးရှေ့နေများ)၏ညီ

မောင်မိုးဇော်အောင် (UNDP)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၂ တိုးချဲ့ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း
အမှတ်(၂)နေ ဦးညွှန့်လှိုင်[ဒု–အထွေထွေမန်နေဂျာ(ငြိမ်း)၊
မြန်မာ့သစ်လုပ်ငန်း]– ဒေါ်ခင်သန်းလွင်(ခ) ဒေါ်နီနီတို့၏ သမီးငယ်

ဒေါက်တာ သိမ့်သိမ့်လှိုင် (ခ) အိအိလှိုင် (Caxmyanmar)

တို့သည် ၁၂–၄–၂၀၀၆ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ
ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မိုးဇော်အောင်–ဒေါက်တာသိမ့်သိမ့်လှိုင်(ခ)အိအိလှိုင်။

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် နတ်မောက်ကျောင်း ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်းအမှတ်(၁)တွင် (၁၃) ကြိမ်မြောက် ရှင် ၁၀၈ ပါး ရှင်ပြုမင်္ဂလာအခမ်းအနားကို ဧပြီ ၁၁ ရက်က ကျင်းပရာ ဦးစီးပဓာနနာယက နတ်မောက်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကုသလက ရှင်သာမဏေလောင်း ၁၀၈ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးစဉ်။ (၂၅၈)

အမရပူရမြို့နယ် ရေကြည်ပေါက်နှင့် စာတော်မြစ်ရေတင်ဖြင့် နွေစပါးဖြစ်ထွန်းမှု ခရိုင်ဥက္ကဋ္ဌကြည့်ရှုစစ်ဆေး

မြစ်ငယ် ဧပြီ ၁၀

မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်သည် ရေအရင်းအမြစ်လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်း၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးလှမြင့်အောင်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးဝင်းမြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးသန်းနှင့် မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ လိုက်ပါလျက် ဧပြီ ၅ ရက် နံနက် ၉ နာရီက အမရပူရမြို့နယ် ရေကြည်ပေါက်နှင့် စာတော်မြစ်ရေတင်စခန်းတို့မှ မြစ်ရေတင်ဖြင့် နွေစပါးစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းမှု လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ရေအရင်းအမြစ်လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းက နွေစပါးများ ရာနှုန်းပြည့်ဖြစ်ထွန်းအောင်မြင်ရေးအတွက် ရေပေးဝေရေး ဆောင်ရွက်လုပ်ကိုင်ထားရှိမှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် နွေစပါးစိုက်ခင်းများ မြစ်ရေတင်ဖြင့် အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးရာ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးလှမြင့်အောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးသန်းနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်ဇော်တို့က ယခုနှစ်နွေစပါးအထူးအထွက်နှုန်းကောင်းမွန်စေရေး အတွက် အဆင့်ဆင့် ဆောင်ရွက်ထားရှိကာ လုပ်ငန်းအခြေ အနေများကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးပြီးစီး

ယခုနှစ် အမရပူရမြို့နယ် ရေကြည်ပေါက်နှင့် စာတော်မြစ်ရေတင်စခန်းတို့မှ မြစ်ရေတင်ဖြင့် နွေစပါးစိုက်ပျိုးရန် ဧက ၇၅၀ လျာထားရာ ယနေ့အထိ ၅၀၃ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ (၂၀၉)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၂၄–၄–၂၀၀၆ (တနင်္လာနေ့)
- ❑ Transfer of Ownership
  - LL.B Final Year
- ❑ Evolution (ဆင့်ကဲဖြစ်စဉ်)
  - မဟာသိပ္ပံအရည်အချင်းစစ် နဝရတ်ကိုးသွယ် ရောင်စုံခြယ်
  - ပထမနှစ်(ဘူမိဗေဒ)ကျောက်မျက်ဝါသနာရှင်များ၊အများပြည်သူ

၂၅–၄–၂၀၀၆ (အင်္ဂါနေ့)
- ❑ မြန်မာစကားပြေ အကြောင်း သိကောင်းစရာ
  - ပဒုတနှစ်(နေ့+အဝေးသင်)မြန်မာစာကျောင်းသား၊ ကျောင်းသူများ
- ❑ ဧရာဝတီမြစ်
  - ပဒုတနှစ်(နေ့+အဝေးသင်)ပထဝီဝင်ကျောင်းသား၊ကျောင်းသူများ

၂၆–၄–၂၀၀၆ (ဗုဒ္ဓဟူးနေ့)
- ❑ မြွေအကြောင်း သိကောင်းစရာ
  - သတ္တဗေဒကျောင်းသား၊ ကျောင်းသူများ၊ ဝါသနာရှင်များ
- ❑ ရေနံချောင်းမြို့ ကျောက်စာရုံဘုရား ကျောက်စာများ
  - သမိုင်းကျောင်းသား၊ ကျောင်းသူများ

၂၇–၄–၂၀၀၆ (ကြာသပတေးနေ့)
- ❑ Pali Alphabet
  - ပထမနှစ်အရှေ့တိုင်းပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ အထူးပြုကျောင်းသား၊ ကျောင်းသူများ
- ❑ Works of Art and Phiilophy of Art
  - နောက်ဆုံးနှစ် ဒဿနိကဗေဒ အထူးပြုနှင့် ဒုတိယနှစ် မြန်မာစာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ နောင်ရိုးတိုက်ပွဲ
  - ပထမနှစ်မြန်မာစာအထူးပြု ကျောင်းသား၊ကျောင်းသူများ

၂၈–၄–၂၀၀၆ (သောကြာနေ့)
- ❑ "ဝေဿန်းစန္ဒာ"ကဗျာပို့ချချက်
  - ပထမနှစ် ပင်ရင်းမြန်မာစာ အထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ ရဲသော်မသေ၊ သေသော် ငရဲမလား စကားပြေ ပို့ချချက်
  - အဝေးသင်တက္ကသိုလ် (ပထမနှစ်)ကျောင်းသား၊ကျောင်းသူများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၉–၄–၂၀၀၆ (စနေနေ့)
- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၃၀–၄–၂၀၀၆ (တနင်္ဂနွေနေ့)
- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ အတွက် သင်ခန်းစာများ

ဖဲကြိုးဖြတ်ဖွင့်လှစ်

မတ် ၂၄ ရက်က ကျောက်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅–၂၀၀၆ ခုဘဏ္ဍာရေးနှစ် ကျေးလက် ရေပေးဝေရေးလုပ်ငန်းဖြစ်သော ပန်ကွမ်ကျေးရွာ နှစ်လက်မပိုက် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘဝင်း၊ အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မော်လမြိုင်မြို့ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) နံနက် ၁၀ နာရီတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ သန္တိသုခမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကသြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဝဲပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇယာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော် ၂၃ ပါးနှင့် သီလရှင်ဆရာကြီးလေးပါးတို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် **စာမျက်နှာ ၇ ကော်လံ ၁** ✡

နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်ဇနီး ဒေါ်ခင်လေးမြင့်တို့ ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တွံတေးတံတားသစ်ကြီး ပြီးစီးလုနီးပြီ
ဒလ-တွံတေးမှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်ဖြင့် တိုက်ရိုက်သွားလာနိုင်မည်

သတင်းမှတ်စုနှင့်ဓာတ်ပုံမှတ်တမ်း - သောင်းဝင်းဗိုလ်

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်မြို့တော်၏တစ်ဖက်ကမ်းတွင် ဒလမြို့နယ်နှင့်တွံတေးမြို့နယ် တို့တည်ရှိကြ၏။ အမြင်နီးနေသော်လည်း ခရီးကဝေးနေကြ၏။ ရေလမ်းခရီးဖြင့် သွားလာရသဖြင့် ကြန့်ကြာရခြင်းလည်းဖြစ်၏။ ကုန်းလမ်းခရီးကဲ့သို့ သွားချင်တိုင်းသွားမရကြ၊ နိုင်ငံတော်က ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရန်ကုန်-တွံတေးတံတားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၁၁-၁၁-၉၉ ရက်က ကျင်းပသော အထူးစီမံကိန်းများအကောင်အထည်ဖော်ရေး အစည်းအဝေး(၂/၉၉)က ဆုံးဖြတ်ပေးခဲ့သည်။ **စာမျက်နှာ ၁၁ ကော်လံ ၃** ■

တွံတေးတံတားသစ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင် စက်မှုသင်တန်းကျောင်း(မန္တလေး) တည်ဆောက်ရေးစစ်ဆေး

နေပြည်တော် ဧပြီ ၂၀

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဧပြီ ၁၅ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၏ စက်မှုသင်တန်းကျောင်း (မန္တလေး)တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး **စာမျက်နှာ ၇ ကော်လံ ၁** ●

နေပြည်တော်မြို့တော် မိုးလေဝသအခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဧပြီ ၂၁ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းစေမည့် ပဉ္စမအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၆
ဧပြီ ၂၈ရက်မှ ၃၀ရက်အထိ ခင်းကျင်းပြသမည်

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၀

ယနေ့ခေတ်သည် အိုင်တီနည်းပညာလွှမ်းမိုးသော ခေတ်ဖြစ်သည်။ ကမ္ဘာတစ်ဝန်း အိုင်တီနည်းပညာများ အံ့သြဖွယ်ရာကောင်းအောင် တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိသည်။ နေ့စဉ်နှင့်အမျှ တိုးတက်ဖွံ့ဖြိုးနေသော အိုင်တီနည်းပညာများကို ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိရာတွင် မြန်မာသတင်းအချက်အလက်နှင့် နည်းပညာရက်သတ္တပတ်များ ခင်းကျင်းပြသမှုများက ထိရောက်သောပံ့ပိုးမှုကို ပေးစွမ်းလျက်ရှိသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁** ❐

ရန်ကုန်မြို့၌ ဧပြီ ၂၈ ရက်မှ ၃၀ ရက်အထိ ခင်းကျင်းပြသမည့် ပဉ္စမအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၆ တွင် ပြသမည့် အိုင်တီနည်းပညာသုံးပစ္စည်းများ။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)